# သံလျှင်ကျေးရွာ

# လောင်းလုံးမြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၉ – ၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

သံလျှင်ကျေးရွာ၊ လောင်းလုံးမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကူညီရေးဆွဲသည်)

၂၀၁၉ ခုနှစ်၊ ဩဂုတ်လ

# မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီး** | ၃ |
| | **သံလျှင်ကျေးရွာ သယံဇာတပြမြေပုံ၊ လောင်းလုံးမြို့နယ်** | ၅ |
| | | |
| ၁။ | **တည်နေရာနှင့် ပထဝီဝင် အနေအထား** | ၆ |
| ၂။ | **ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ** | ၆ |
| ၃။ | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ** | ၆ |
| ၄။ | **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** | ၇ |
| | (က) သီးနှံ စိုက်ပျိုးရေး | ၇ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၉ |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | ၉ |
| | (ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း | ၁၀ |
| ၅။ | **အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ** | ၁၀ |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | ၁၀ |
| | (ခ) ကျေးရွာ မီးလင်းရေး | ၁၁ |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | ၁၂ |
| ၆။ | **ပညာရေး** | ၁၂ |
| ၇။ | **ကျန်းမာရေး** | ၁၃ |
| ၈။ | **ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၁၄ |
| ၉။ | **ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ** | ၁၄ |
| ၁၀။ | **ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ** | ၁၆ |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | ၁၉ |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | ၂၀ |
| | နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | ၆၄ |
| | နောက်ဆက်တွဲ (၄) စီမံချက်အဆိုပြုလွှာ (၁) | ၇၀ |
| | နောက်ဆက်တွဲ (၅) စီမံချက်အဆိုပြုလွှာ (၂) | ၇၂ |
| | နောက်ဆက်တွဲ (၆) စီမံချက်အဆိုပြုလွှာ (၃) | ၇၄ |
| | | |
| | | |
| | | |
| | | |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းသည် ၂၀၁၈/၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၃ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများ စုပေါင်းပါဝင် ရေးဆွဲထားသည့်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦး အနေဖြင့်စီမံကိန်း ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီး ဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ် များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများ ကိုလည်း ကျေးဇူး တင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်း များနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်း ဆောင်ရွက် နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာ ကြရာတွင် သင်တန်း လုပ်ဆောင် ပေးရုံ သာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီး ဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက် ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာ ဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲရာ တွင် ကိန်းဂဏန်းနှင့် သတင်းအချက် အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရုံးကဲ့သို့သော ကိန်းဂဏန်း အချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံ လိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်း တိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်း အစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်း ဆောင် ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေ

အုပ်ချုပ်ရေး ဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာန အသီးသီး တို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ် သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစား ပေး ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာတည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထားဖော်ပြ ထားပါသည်။

**၂၀၁၉ ခုနှစ်၊ ဩဂုတ်လ**

**ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**

**သံလျှင်ကျေးရွာ**

**လောင်းလုံးမြို့နယ်**

## သံလျှင်ကျေးရွာ သယံဇာတပြမြေပုံ၊ လောင်းလုံးမြို့နယ်



## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ပထဝီဝင်အနေအထားအရ တနင်္သာရီတိုင်းဒေသကြီးသည် မြန်မာပြည်၏ တောင်ဘက် အကျဆုံး တိုင်းဒေသကြီးတစ်ခုဖြစ်ပြီး မြောက်ဘက်တွင် မွန်ပြည်နယ်၊ တောင်ဘက်တွင် တနင်္သာရီတိုင်းဒေသကြီး၊ အရှေ့ဘက်တွင် ထိုင်းနိုင်ငံတို့နှင့် နယ်နိမိတ် ချင်းဆက်စပ်နေသော ဒေသတစ်ခုဖြစ်ပါသည်။ လောင်းလုံးမြို့သည် တနင်္သာရီတိုင်း ဒေသကြီး၏ မြောက်ဘက်ပိုင်းတွင်တည်ရှိပြီး ရေဖြူမြို့နယ်၊ ထားဝယ်မြို့နယ်များနှင့် ထိစပ်လျက်ရှိပါသည်။

သံလျှင်ကျေးရွာသည် ပထဝီဝင်အနေအထားအရ မြေပြန့်ဒေသ ဖြစ်ပါသည်။ သပြေရှောင်ကျေးရွာအုပ်စုတွင် ပါဝင်ပါသည်။ ထားဝယ်- ရှင်မော်ကားလမ်းပေါ်တွင် တည်ရှိပြီး လောင်းလုံးမြို့နယ်မှ (၁၂)မိုင်ခန့်နှင့် ထားဝယ်မြို့နယ်မှ (၂၅)မိုင်ခန့် ကွာဝေးသဖြင့် နေ့ချင်းပြန်ပင်သွားရောက်ကြပြီး ကုန်စည်စီးဆင်းမှုမှာ အဆင်ပြေချောမွေ့ပါသည်။ သံလျှင်ကျေးရွာအား ပြည်ထောင်စုလမ်းမကြီးမှ သော်လည်းကောင်း၊ ဟင်းချိုတော-သံလျှင် ကျေးရွာချင်းဆက်လမ်းပေါ်မှ လည်းကောင်းသွားလာနိုင်ပါသည်။ ပတ်ဝန်းကျင် ကျေးရွာများမှာ ဟင်းချိုတော ကျေးရွာ၊ ကြက်ယက်တွင်းကျေးရွာ၊ သပြေရှောင်ကျေးရွာနှင့် တောကျဲကျေးရွာ တို့ဖြစ်ပါသည်။ သံလျှင်ကျေးရွာတွင် ရာဘာလုပ်ငန်း၊ ဥယျာဉ်ခြံလုပ်ငန်း၊ ပန်းရံလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ သဲ၊ ကျောက်ထုတ် လုပ်ရေးလုပ်ငန်း၊ ရေငန်ငါးဖမ်းလုပ်ငန်း နှင့် မွေးမြူရေးလုပ်ငန်းတို့ကို လုပ်ကိုင်ကြပါသည်။ အများအားဖြင့် ကျပန်းအလုပ်သမားများ များပြားပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

လောင်းလုံးမြို့နယ်၏ (၂၀၁၈) ခုနှစ်အတွင်း မိုးရွာရက်ပေါင်း (၁၃၀) ရက်နှင့် မိုးရေချိန်မှာ (၁၈၉.၇၂) လက်မအထိဖြစ်ပါသည်။ အပူပိုင်း မုတ်သုံရာသီဥတုဖြစ်ပြီး တစ်နှစ် ပျမ်းမျှအပူချိန်မှာ (၂၈)ဒီဂရီ စင်တီဂရိတ်ဖြစ်ပါသည်။ သံလျှင်ကျေးရွာတွင် ဓာတ်သတ္တုဆိုင်ရာ သဘာဝ အရင်းအမြစ်များ ထွက်ရှိမှုမရှိပါ။ သို့သော်လည်း တောတောင်များမှ ချေ၊ တောဝက်များကို တစ်ခါတစ်ရံ တွေ့ရတတ်ပါသည်။ ထို့အပြင် ကျောက်၊ သဲ၊ကျောက်စရစ် များကို ကျေးရွာမှ အများဆုံးထွက်ရှိပြီး အသုံးချနိုင်မှု လွယ်ကူပါသည်။ သဘာဝအပင် မျိုးစိတ်များကို အနီးအနား ပတ်ဝန်းကျင်တွင် အနည်းငယ်တွေ့ရတတ်ပြီး အသုံးချနိုင်မှု ခက်ခဲပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

သံလျှင်ကျေးရွာ၏ လူမှုရေး၊ငွေရေးကြေးရေး၊ သာရေးနာရေး၊ ဘာသာရေး၊ ပညာရေး၊ လူမှုဖွံ့ဖြိုးရေး လုံခြုံရေးနှင့်ကာကွယ်ရေး ဘေးကင်းလုံခြုံရေးတို့အတွက် ရည်ရွယ်၍ ကျေးရွာ ဖွံ့ဖြိုးရေးအဖွဲ့၊ သာရေး/နာရေးအဖွဲ့၊ ပျို/လူပျိုအဖွဲ့၊ ဂေါပကအဖွဲ့၊ ကျောင်းအကျိုး

တော်ဆောင်အဖွဲ့၊မိဘဆရာအသင်း၊ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊SPI (ကျောင်းထောက်ပံ့ရေးအဖွဲ့ဆောင်အဖွဲ့) စသည့်အဖွဲ့များ အားလုံးသည် ကျေးရွာအတွက် သက်ဆိုင်ရာဘက်များမှ အားကောင်းစွာပါဝင်ဆောင်ရွက်လျက်ရှိသည်။ သာရေး/နာရေး အဖွဲ့၊ ပျို/လူပျို အဖွဲ့တို့သည် ကျေးရွာ၏ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေးအတွက် စွမ်းဆောင် ရည်အသင့်အတင့်ကောင်းမွန်ပါသည်။ထို့အပြင် ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် ကျေးရွာ ဖွံ့ဖြိုးရေးအဖွဲ့သည် ကျေးရွာတွင်စွမ်းဆောင်ရည်ကောင်းမွန်သော အဖွဲ့တစ်ဖွဲ့ဖြစ်ပြီး အဖွဲ့ ဝင် မ(၆)ဦးပါဝင်ကာ ကျေးရွာ၏ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး သာမကကိုယ်ဝန် ဆောင် များအား ထောက်ပံ့ကြေး(အနီးပိုင်း)များ ထောက်ပံ့ပေးခြင်း၊ ပညာရည်ချွန်သူ များအား ဆုချီး မြှင့်ခြင်း၊ ငွေကြေးမတတ် နိုင်သော အိမ်ထောင်စုများအား ယင်လုံ အိမ်သာများ ဆောက်လုပ် ပေးခြင်း စသည့် ပညာရေး၊ ကျန်းမာရေးကိစ္စများကိုပါ ဆောင်ရွက်ပေးသော အဖွဲ့တစ်ဖွဲ့ ဖြစ်ပါသည်။ ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့် မိဘ ဆရာအသင်းမှာတို့တွင် ကျား(၇)ဦး နှင့် မ(၅)ဦးတို့ဖြင့် ဖွဲ့စည်းထားပြီး ပညာရေးကို အဓိကထားဆောင်ရွက်ပေးကာ စွမ်းဆောင်ရည်အသင့် အတင့်ရှိပါသည်။ SPI (ကျောင်းထောက်ပံ့ရေးအဖွဲ့)မှာ အဖွဲ့ဝင်(၉)ဦး ရှိပြီး ပညာရေးအပြင် ကျေးရွာ၏ ငွေကြေးလိုအပ်ချက်ရှိသော မိသားစုများအား အသင့် အတင့် ထောက်ပံ့ပေးပါသည်။ ထို့အပြင် ကျောင်းထောက်ပံ့ရေးအဖွဲ့သည် တစ်နှစ်လျှင် နှစ်စဉ်ငွေကျပ်(၈၀၀၀၀၀) ထောက်ပံ့ပေးပြီး ပညာရေးလိုအပ်ချက်များကို ထောက်ပံ့ ပေးလျက်ရှိပါသည်။ ယခုအခါတွင် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင် ပြီး ကျေးရွာဖွံ့ဖြိုးရေး ကော်မတီကို ကျေးရွာသူကျေးရွာသားများကိုယ်တိုင်ပူးပေါင်းပါဝင်ရွေးချယ်ဖွဲ့စည်းခဲ့ပါသည်။ ဤကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်တွင်ပါဝင်သော ဦးစားပေး လုပ်ငန်းများအားသက်ဆိုင်ရာ ဦးစီး ဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများမရှိပါ။ ထို့ကြောင့် ပြင်ပအကူအညီများ ရရှိစေရန် အတွက် NGO, INGO, Unicef, World Vision စသည့် နိုင်ငံခြား အဖွဲ့အစည်းများနှင့် ချိတ်ဆက်ရန် လိုအပ်နေပါသည်။

**၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

**(က) သီးနှံ စိုက်ပျိုးရေး**

ကျေးရွာတွင် စိုက်ပျိုးမြေကေ(၁၇၂.၈၈)ကေရှိပြီး (၉)ကေမှာ ပလပ်မြေဖြစ်သည့်အတွက် စိုက်ပျိုး၍ မရပါ။ ဥယျာဉ်ခြံမြေမှာ(၉၄)ကေခန့်ရှိပြီး ရာဘာကို အဓိကထားစိုက်ပျိုးကာ ကွမ်းသီးအနည်းငယ်လည်း ရှိပါသည်။ ဓနိမြေ(၅)ကေမှ ဓနိဖက်၊ ပုအုံးရည်နှင့် ပျား အနည်းငယ်ရရှိပါသည်။ ဥယျာဉ်ခြံမြေနှင့် တောင်ယာမြေများ၏ မြေဆီလွှာအရည်အသွေး ကောင်း

မွန်သော်လည်း ကျန်မြေအမျိုးအစားများ၏ မြေဆီသြဇာမှာ မကောင်းပါ။ အဓိက စိုက်ပျိုးသီးနှံမှာ ရာဘာဖြစ်ပြီး စိုက်ပျိုးမြေ (၅၀)ဧက ရှိပါသည်။ ရာဘာအား အောက်တိုဘာလတွင် စတင် ထွက်ရှိပြီး ဧပြီလကုန်အထိ လုပ်ကိုင်နိုင်ပါသည်။ အထွက် နှုန်းမှာ (၁)ဧက လျှင် အများဆုံး (၁၅၀)ပေါင်ထွက်ရှိပြီး အနည်းဆုံး (၁၀၀)ပေါင်ထွက်ရှိပါသည်။ ပျှမ်းမျှအားဖြင့် (၁)ဧကလျှင် (၁၂၀)ပေါင်ထွက်ပြီး အမြတ်ရရှိနိုင်မှု အလယ်အလတ်ရှိကာ သွင်းအားစု လိုအပ်ချက် အသင့် အတင့်ရှိပါသည်။ ဒုတိယစိုက်ပျိုးသီးနှံမှာ ကွမ်းသီးဖြစ်ပြီး အထွက်နှုန်း (၁)ဧကလျှင် (၇၀၀-၁၅၀၀)ပိဿာအထိ ထွက်ရှိပြီး အမြတ်ရရှိနိုင်မှု နိမ့်ပါသည်။ ထိုအပြင် အခြားသီးနှံအဖြစ် စပါးကို စိုက်ပျိုးကြပြီး(၁)ဧကလျှင် အနည်းဆုံး(၄၀)တင်းနှင့် အများဆုံး(၆၀)တင်း ရှိပါသည်။ ပျှမ်းမျှအားဖြင့် (၅၀)တင်း ရှိပါသည်။ ကျေးရွာတွင် စပါးကို မိုးရာသီတွင်သာ စိုက်ပျိုးပြီး နွေရာသီတွင် စိုက်ပျိုးခြင်းမရှိပါ။ လယ်ယာမြေဧက(၃၀) ကျော် ရှိသော်လည်း (၂၁)ဧကသာ စိုက်ပျိုးနိုင်ပြီး (၉)ဧကမှာ တောင်ပြိုကျ မှုကြောင့် မြေဆီလွှာ ပျက်စီးကာ မစိုက်ပျိုး နိုင်ပါ။ သံလျှင်ကျေးရွာတွင် ဆင်းရဲသား တောင်သူများ သည့်အတွက် လယ်ယာသုံးစက်ကိရိယာများ အား ငှါးရမ်းလုပ်ကိုင်သူ များပြားပါသည်။ လယ်ယာသုံး စက်ကိရိယာအဖြစ် ထွန်စက်ကို အဓိကထား အသုံးပြုပြီး စက်ကိရိယာ လုံလောက်မှု မရှိပါ။ ထို့ကြောင့် ငှါးရမ်းအသုံးပြုရပြီး ထွန်ယက်စိုက်ပျိုး ငှါးရမ်းခအား တစ်ဧကလျှင် (၅၀၀၀၀) ကျပ်ပေးရပြီး စပါးရိတ်သိမ်းခအား (၁)ဧကလျှင် (၆၅၀၀၀)ကျပ် ပေးဆောင်ရ ပါသည်။ ရိတ်သိမ်းချိန်တွင် လယ်ယာသုံး စက်ကိရိယာ များအား အလှည့်ကျ စောင့်ဆိုင်းရ သဖြင့် စပါးများ အမှည့်လွန်ကာ ပျက်စီးဆုံးရှုံးမှု အနည်းငယ်ရှိပါသည်။ ထို့အပြင် စပါး စိုက်ပျိုး အချိန်တွင် လယ်ကွင်းများ၌ ရေလျှံမှုများ ဖြစ်ပေါ်တတ်သဖြင့် ချောင်းမြောင်း (၁)မိုင်အား တူးဖော်ရန် လိုအပ်ပါသည်။ ထို့ကြောင့် သံလျှင်ကျေးရွာတွင် စိုက်ပျိုးရေး သုံးကိရိယာ များ အဆင်ပြေစေရေးတွက် လယ်ယာသုံး စက်ကိရိယာများအား အရစ်ကျ စနစ်ဖြင့် ရောင်းချ ပေးနေသော မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် ၊ ကုမ္ပဏီများ စသည်တို့နှင့် ချိတ်ဆက်ပြီး ဝယ်ယူမည်ဆိုပါကတောင်သူများအတွက် ပိုမိုအဆင်ပြေလာမည်ဖြစ်ပါသည်။ ကျေးရွာတွင် သဘာဝရေမြေရာသီဥတု အနေအထားမှာ ကောင်းသဖြင့် စိုက်ပျိုးရေး သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ ရှိပါသည်။ သို့သော်လည်း ချေးငွေနှင့် ငွေကြေး ဝန်ဆောင်မှုအနေဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်တစ်ခုတည်းမှ ရရှိသဖြင့် စိုက်ပျိုး မြေတိုးချဲ့ရန် ဤရင်းအနှီး မလုံလောက်ပါ။ ဓာတ်မြေသြဇာနှင့် သဘာဝ မြေဆွေးများအား အသင့်အတင့် ဝယ်ယူနိုင်သော်လည်း ဈေးနှုန်း မျှတမှုမရှိပါ။ ကျေးရွာတွင် ကျပန်းအလုပ် သမား များ ပေါသဖြင့် လုပ်သားရရှိနိုင်သော်လည်း နည်းပညာနှင့် ဝန်ဆောင်မှုများ မရရှိပါ။ သီးနှံများအား ရောင်းချရန် ဈေးကွက်ရှိသော်လည်း ဈေးနှုန်း မှန်ကန်စွာ ရောင်းချ နိုင်ခြင်း

မရှိပါ။ ထို့အပြင် စပါးထွက်ချိန်၌ လောင်မီးပိုးများကျ ရောက်ခြင်း၊ အရွက်စား ပိုးများ ကျရောက်ခြင်းတို့ ရှိတတ်ပါသည်။ ထိုကြောင့် သံလျှင် ကျေးရွာသည် စိုက်ပျိုးမြေ အသင့် အတင့်ရှိပြီး စိုက်ပျိုးရေး လုပ်ငန်း လုပ်ကိုင်သူ အသင့် အတင့် ရှိသဖြင့် စိုက်ပျိုးရေးနှင့် ပတ်သက်သည့် အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ပေးမည် ဆိုပါက သီးနှံအထွက် နှုန်းတိုးလာနိုင်ပြီး အကျိုးအမြတ် ပိုမို ရရှိ လာပါမည်။

**(ခ) မွေးမြူရေးလုပ်ငန်း**

ကျေးရွာတွင် အများအားဖြင့် နွား၊ ကြက်၊ဝက်၊ ဘဲ တို့ကို မွေးမြူကြပါသည်။ ကျေးရွာ တွင် မွေးမြူရေးလုပ်ငန်းအား စီးပွားအဖြစ် မွေးမြူသူ ရှားပါးပြီး တစ်နိုင်တစ်ပိုင် သာ မွေးမြူကြပါသည်။ ကြက်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ(၆၂) အိမ်ထောင်စု ရှိပြီး အကောင် ရေ(၇၅၈)ကောင်ရှိပါသည်။ မွေးမြူရေးထားသော ကြက်၊ ဝက်၊ ဘဲ၊နွားများအား ရောင်းချရန် ဈေးကွက်ရှိသော်လည်း ဈေးနှုန်းမှန်ကန်စွာ မရှိပါ။မွေးမြူရေးလုပ်ငန်းအား လုပ်ကိုင်ရန် မြေယာနှင့် သွင်းအားစုများ အသင့်အတင့် ရှိသော်လည်း မွေးမြူရေးဆိုင်ရာ နည်းပညာ ဝန်ဆောင်မှု ရရှိနိုင်မှာ ခက်ခဲသဖြင့် စီးပွားအဖြစ်မွေးမြူသူများအတွက် အခွင့် အလမ်းများ ဆုံးရှုံးရပါသည်။ ထို့အပြင် ငါးလုပ်ငန်းအနေဖြင့် ကမ်းလွန်ငါးဖမ်း လုပ်ငန်း လုပ်ကိုင်သူ (၁၄)အိမ်ထောင်စုရှိပြီး အလုပ်သမားများသာ ဖြစ်ကြပါသည်။လုပ်အားခအဖြစ် တစ်လလျှင် (၂၇၀၀၀၀-၂၀၀၀၀၀)ကျပ်အကြား ရရှိပါသည်။ ငါး/ပုဇွန်မွေးမြူရန် ရေမြေ အနေအထား သင့်တင့်မှုတစွာ ရှိသော်လည်း သားပေါက်များအား ဝယ်ယူရန် လက်လှမ်းမီမှု နည်းပါး ပါသည်။ ထို့အပြင် ငါးလုပ်ငန်းအား တိုးချဲ့ဆောင်ရွက်ရန် အတွက် ချေးငွေ နှင့် သွင်းအားစု များ လုံလောက်စွာ မရရှိပါ။ ထို့ကြောင့် ကျွန်ုပ်တို့ကျေးရွာရှိ မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်နေသော အိမ်ထောင်စုများ စားဝတ်နေရေး ပိုမိုအဆင်ပြေစေရေးအတွက် နည်းပညာ ဆိုင်ရာသင်တန်းများနှင့် အတိုးနှုန်းသက်သာသော ချေးငွေများ လိုအပ် နေပါ ကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ**

ကျေးရွာတွင် စိုက်မွေးမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအနေဖြင့် ကျောက်၊သဲ ထုတ်လုပ်ရေးလုပ်ငန်း၊ မီးလင်းရေးလုပ်ငန်း၊ ပန်းရံလုပ်ငန်း၊ ဆိုင်ကယ်ပြင်၊ ဈေးရောင်း၊ ပို့ဆောင်ရေးလုပ်ငန်းတို့ကို လုပ်ကိုင်ကြပါသည်။ ထို့အပြင် ကျပန်းအလုပ်သမားများမှာ အိမ်ထောင်စု(၂၃)စုခန့်ရှိပါသည်။ ထို့အပြင် ကျွန်ုပ်တို့ ကျေးရွာတွင် အများအားဖြင့် နိုင်ငံခြား (ထိုင်း၊ မလေးရှား) နိုင်ငံများသို့ သွားရောက် လုပ်ကိုင်သူ များပြားပြီး အိမ်ထောင်စု (၈၀)ရှိသည့်အနက် (၅၀)ခန့်သွားကြပါသည်။ မိုးရာသီတွင် ကောက်စိုက်၊ ပျိုးနှုတ်သူများ ရှိပြီး တစ်နေ့ လုပ်အားခ အများဆုံးကျား(၇၀၀၀) ကျပ်နှင့် မ(၆၀၀၀)ကျပ် ရရှိပါသည်။ ထိုသူများသည် မြေယာမဲ့ လက်လုပ်လက်စား အလုပ်သမားများ ဖြစ်ကြပါသည်။ အချို့ အိမ်ထောင်စုများမှာ ကျောက်၊ သဲထုတ်လုပ်ရေးတွင် နေ့စားအလုပ်သမားအဖြစ် လုပ်ကိုင် ကြပြီး ကျား(၇၀၀၀-၆၀၀၀)နှင့် မ(၅၀၀၀-၃၀၀၀)အကြား ရရှိပါသည်။ ကျေးရွာတွင်

မဟာဓါတ်အားလိုင်း မရရှိ သဖြင့် အသေးစား စက်မှုလုပ်ငန်း လုပ်ကိုင်ချင်သူများ အတွက် အခက်အခဲရှိပါသည်။ ကျေးရွာတွင် အမျိုးသမီးလုပ်အားခနှင့် အမျိုးသားလုပ်အားခသည် တန်းတူနီးပါးရှိသဖြင့် အမျိုးသမီးဦးစီးသည့် အိမ်ထောင်စုများအတွက် စားဝတ်နေရေး အသင့်အတင့် အဆင်ပြေစေရေးအတွက် အထောက်အပံ့ ဖြစ်စေပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့ ကျေးရွာရှိ လက်လုပ် လက်စားများ အပိုတင်ငွေရရှိစေရေး အသက်မွေးဝမ်းကျောင်း လုပ်ငန်းများနှင့် အသေးစား စက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် လိုအပ် နေပါသည်။

**(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

သံလျှင်ငွေကြေးဝန်ဆောင်မှုများ အနေဖြင့် ချေးငွေ ရရှိနိုင်သော နေရာများမှာ အလွန်နည်းပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တောင်သူလယ်သမားများအား အပေါင်ခံပစ္စည်း(ပုံစံ(၇))ရှိမှသာ ချေးငွေများကို ထုတ်ချေးပေးပြီး ကာလတိုချေးငွေများ ကိုသာ ရရှိပါသည်။ အချို့တောင်သူများမှ ပုံစံ(၇)ရရှိရန် ခက်ခဲသဖြင့် ချေးငွေရရှိခြင်းများ မရှိပါ။ အရေးပေါ်ကိစ္စများ ကြုံလာပါက မိတ်ဆွေနှင့် ဆွေမျိုးများတွင် အပေါင်ပစ္စည်း တစ်စုံတစ်ရာဖြင့်အတိုးနှုန်း(၂-၅)%ချေးယူကြရပြီး အချိန်မီရရှိရန် အခက်အခဲရှိပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့ ကျေးရွာတွင် ငွေကြေးဝန်ဆောင်မှုများ ပိုမိုအဆင်ပြေစေရေးအတွက် အတိုးနှုန်း သက်သာသော မြစိမ်းရောင်ကျေးရွာစီမံကိန်းအား ဆောင်ရွက်ပေးရန် လိုအပ်နေ ပါသည်။

## ၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

**(က) ကျေးလက် သယ်ယူပို့ဆောင်ရေး**

ကျေးရွာတွင် ရွာတွင်းလမ်း(၂)လမ်းရှိပြီး မြေသားလမ်းများ ဖြစ်ကြပါသည်။ (၁)လမ်းမှာ ရွာအတွင်းတွင် ရှိပြီး(၄၈၀၀)ပေရှည်ပါသည်။ ထိုလမ်းအား ၂၀၁၉-၂၀၂၀ခု ဘဏ္ဍာရေးနှစ်တွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ကွန်ကရစ်လမ်းအဖြစ်သို့ အဆင့် မြှင့်တင်ရန် လျာထားပြီးဖြစ်ပါသည်။ နောက်တစ်လမ်းမှာ ရွာဟောင်းလမ်းဖြစ်ပြီး (၄၃၅၀)ပေ ရှည်ပါသည်။ ကျေးရွာမှ ထွက်ရှိသောကျောက်၊ သဲများအား သယ်ယူပို့ဆောင် ရာတွင် ရွာဟောင်းလမ်းအား အဓိကထားအသုံးပြုပါသည်။ ထိုလမ်းမှာ နွေရာသီတွင် သွားလာရန် အဆင်ပြေသော်လည်း မိုးရာသီတွင် ရေကျော်ခြင်း၊ ရွှံ့ဗွက်များထခြင်းတို့ကြောင့် သွားလာရန် အခက်အခဲ ရှိပါသည်။ ထို့ကြောင့် ထိုလမ်းအား တိုးချဲ့ရန်နှင့် မြင့်တင်ရန် လိုအပ်နေပါသည်။ ထိုလမ်းအား တိုးချဲ့ဖောက်လုပ်မည်ဆိုပါက ကုန်ထုတ်ပစ္စည်းများ၊ ဥယျာဉ်များသို့သွားလာရာတွင် အဆင်ပြေလာမည်ဖြစ်ပါသည်။ ထို့အပြင် မြေပြိုမှုကြောင့် ပျောက်ကွယ်သွားသော ကျေးရွာ အဟောင်းအား ပြန်လည် ထည်ထောင်လာနိုင်မည်ဖြစ်ပါ သည်။ထို့အပြင် ဟင်းချိုတော-သံလျှင်ကျေးရွာချင်း ဆက်လမ်းမှာ (၃၂၀၀)ပေရှိကာ မြေသား လမ်းဖြစ်ပြီး အရည်အသွေးညံ့ဖျင်းပါသည်။ ထိုလမ်းအား (၃၂၀၀'×၁၂'×၆") ကွန်ကရစ် လမ်း အဖြစ်သို့

အဆင့်မြှင့်တင်ရန် လိုအပ်နေပါသည်။ ကျေးရွာတွင် ချဉ်းကပ်လမ်း မရှိပါ။ သံလျှင် ကျေးရွာ၏ တံတားအခြေအနေမှာ ဆိပ်ခံတံတား၊ ကြိုးတံတား၊ ဝါးတံတားနှင့် ရေကျော်တံတားများ မရှိပါ။ ကွန်ကရစ်တံတားမှာ( ၁၆'×၄'×၃') ရှိပြီး အရည် အသွေးအသင့်အတင့် ကောင်းမွန်ပါသည်။ ထို့အပြင် ရွာဟောင်းလမ်းပေါ်ရှိ သစ်သား တံတားမှာ (၂၂'×၁၅'×၈')ရှိပြီး အရည်အသွေးညံ့ဖျင်းပါသည်။ ထိုသစ်သားတံတားသည် ကျောက်၊သဲများ သယ်ယူရာတွင် အဓိက ထား အသုံးပြုသော တံတားလည်းဖြစ်ပါသည်။ ထိုတံတားသည် ယခုအခါတွင် ထန်းပင်လုံးဖြင့် ခင်းထားသဖြင့် ကျိုးကျမည်ကို စိုးရိမ်ရပါသည်။ ထို့ကြောင့် ထိုတံတားအား ကွန်ကရစ်အဖြစ်သို့ အဆင့်မြှင့်တင်ရန် လိုအပ်နေ ပါသည်။ ထို့အပြင် (၁၈'×၃'×၃') ကွန်ကရစ် ရေပြွန် (၃)စင်းရှိပြီး အရည်အသွေး အသင့်အတင့်ကောင်းမွန်ပါသည်။သံလျှင်ကျေးရွာသည် ကုန်းမြေအပေါ်တွင် တည်ရှိသဖြင့် လှေ၊ သမ္ဗာန်နှင့် စက်လှေများ သုံးစွဲမှုမရှိပါ။ စက်ဘီးမှာ ကျောင်းသား/သူများ သွားလာရေးတွင် လည်းကောင်း၊ သပြေရှောင်ဈေးသို့ သွားရာတွင် လည်းကောင်း အသုံးပြုပြီး (၄၇)စီး ရှိပါသည်။ ထို့အပြင် မော်တော်ဆိုင်ကယ်အား ကုန်းလမ်း သယ်ယူပို့ဆောင်ရေး ဆောင်ရွက်ခြင်းအတွက် အဓိက အသုံးပြုပြီး (၆၈)စီးရှိပါသည်။ ငွေကြေး ပြည့်စုံသူများနှင့် အသင့်အတင့် ရှိသူများတွင် ဆိုင်ကယ်အနည်းဆုံး(၁-၂)စီးအထိ ရှိကြပါသည်။ ထော်လာဂျီ အား သဲ၊ ကျောက်၊ ကျောက်စရစ်များ သယ်ယူပို့ဆောင်ရာတွင် အဓိက အသုံးပြုပြီး (၉)စီးရှိပါသည်။ ထို့အပြင် မော်တော်ကား(၁)စင်းရှိပြီး ထားဝယ်မြို့သို့ ကုန်ပစ္စည်းများ ဝယ်ယူရာတွင် အသုံး ပြုပါသည်။

**(ခ) ကျေးရွာ မီးလင်းရေး**

သံလျှင်ကျေးရွာတွင် သပြေရှောင်ကျေးရွာမှ ဒီဇယ်သုံး အင်ဂျင်ဖြင့် ဖြန့်ဝေသော လျှပ်စစ်မီးအား တစ်လလျှင် တီဗီရှိသောအိမ်တွင် (၅၀၀၀)ကျပ်နှုန်းနှင့် တီဗီမရှိသောအိမ်မှာ (၃၀၀၀)ကျပ်နှုန်းဖြင့် အသုံးပြုလျက်ရှိပါသည်။ လျှပ်စစ်မီးဖြန့်ပေးနေမှုမှာ ညနေ(၆)နာရီမှ (၉)နာရီ အထိ ဖြန့်ဖြူးပေးနေပြီး ပြုပြင်ထိန်းသိမ်းမှုများမှာ အသင့်အတင့် ရှိပါသည်။ ထို့အပြင် ဆိုလာသုံးစွဲသူ (၃၀)အိမ်ခန့်လောက်ရှိပြီး ဖယောင်းတိုင် မီးများနှင့် အခြားသုံးစွဲသူ(၂၇) အိမ်ခန့်လောက် ရှိပါသည်။ ယခုလက်ရှိတွင် သံလျှင်ကျေးရွာအထဲတွင် အစိုးရ ဓာတ်မီးတိုင်များ၊ မီးကြိုးများ၊ Transformer တပ်ဆင်ပြီး ဖြစ်သော်လည်း အစိုးရ မီးမရရှိသေးပါ။ထို့ကြောင့် ကျွန်ုပ်တို့ကျေးရွာတွင် မဟာဓာတ်အားလိုင်း အမြန်ရရှိအောင် ဆောင်ရွက် ရန် လိုအပ်ပါကြောင်းနှင့် လျှပ်စစ်မီးရရှိပါက ကျောင်းသားများ၏ ပညာရေးတိုးတက်လာစေမှုနှင့် ကျေးရွာအတွင်းတွင် အသေးစားစီးပွားရေးလုပ်ငန်းများ တိုးတက်လာစေမှုကို အထောက် အပံ့ပေးနိုင် ပါလိမ့်မည်။

## (ဂ) သတင်းနှင့် ဆက်သွယ်ရေး

သံလျှင်ကျေးရွာတွင် ဖုန်းလိုင်းများနှင့် အင်တာနက်လိုင်းများ အသင့်အတင့် ကောင်း မွန်ပါသည်။တီဗွီနှင့် စလောင်းများလည်း ကျေးရွာအိမ်ထောင်စု၏ (၅၀%)ကျော် ခန့်ရှိသဖြင့် သတင်းအချက်အလက်နှင့် နည်းပညာရရှိမှု၊ ကျန်းမာရေးဆိုင်ရာအသိပညာများ၊ စိုက်ပျိုး/ မွေးမြူရေးဆိုင်ရာ အသိပညာဗဟုသုတများအတွက် အထောက်အပံ့ဖြစ်စေပါသည်။ထို့အပြင် ဖုန်းလုံး အရေအတွက်မှာ (၂၄၆)လုံးရှိသည့်အတွက် တစ်အိမ်လျှင်(၂-၃) အကြားရှိပြီး အိမ် တိုင်း လိုလို ရှိသည်ဟု ခန့်မှန်းနိုင်ပါသည်။ ရေဒီယိုသုံးစွဲသော အိမ်ထောင်စုမှာ (၁၇)အိမ် ခန့်ရှိပြီး လူကြီးအပိုင်းများသာ အသုံးပြုကြပါသည်။ ထို့အပြင် သတင်းအချက်အလက်နှင့် နည်းပညာများအတွက် တီဗီ(၃၈)လုံးနှင့် ဂြိုလ်တု စလောင်း(၃၁)လုံး ရှိပါသည်။ကျေးရွာတွင် စာကြည့်တိုက်ရှိသော်လည်း ကျေးရွာနေပြည်သူများမှ စာပေလေ့လာဖတ်ရှုမှု အားနည်း ကြပြီး အများအားဖြင့် Facebook ၊Viber နှင့် Messager တို့မှသာ သတင်း အချက် အလက် နှင့် နည်းပညာရယူမှု ပိုများသောကြောင့် ဗဟုသုတနှင့် နည်းပညာလေ့လာချင်သူများ အတွက် အခွင့်အလမ်းကောင်းများ ရှိပါသည်။

## ၆။ ပညာရေး

သံလျှင်ကျေးရွာတွင် မူလတန်းကျောင်း (၁) ကျောင်း ရှိပါသည်။ ကျောင်း၏ ပုံစံမှာ (၆၀'×၃၀' ×၁၂')ရှိသော တစ်ထပ်တိုက်ပုံစံ ဖြစ်ပါသည်။ ကျောင်းတွင် အစိုးရခန့် ဆရာမ (၅)ဦးရှိပြီး ကျောင်းသူ/သားမှာ (၆၉)ဦးရှိပါသည်။ ကျောင်းဆောက်လုပ်သည့်နှစ်မှာ နှစ်(၂၀)ကျော်ပြီဖြစ်၍ အမိုးများမှာ ပေါက်နေပြီး နံရံများမှာလည်း ခြစားနေပါသည်။ အခင်းမှာလည်း မြေနီဖြင့် ခင်းနီဖြင့် ကလေးများ ကျန်းမာရေးအတွက် စိုးရိမ်ရပါသည်။ ကျောင်းစာရေးခုံများမှာလည်း ကြာမြင့်နေပြီဖြစ်၍ ယိုင်နေပါသည်။ ကျောင်းခြံစည်းရိုးမှာ (၁၀၀'×၁၅၀')ပတ်လည်ရှိပြီး (၃)ဖက်မှာ ကွန်ကရစ်ဖြင့် ကာရံထားကာ ကျန်တစ်ဖက်မှာ အိမ်နံဘေးတွင် ရှိသဖြင့် ခြံစည်းရိုးခတ်ရန် လိုအပ်နေပါသည်။ ကျောင်းသားများ ကျန်းမာ ကြံ့ခိုင်ရေးအတွက် ကစားရန် အားကစားပစ္စည်းများရှိသော်လည်း အားကစားကွင်း မရှိပါ။ ကျောင်းရှေ့ဘက် မြေကွက်လပ်တွင် ကစားကြပါသည်။ ကျောင်းတွင် (၂)ခန်းတွဲ အိမ်သာ (၁) လုံးရှိပြီး ဆရာမ(၁)ခန်း၊ ကျောင်းသား(၁)ခန်းအသုံးပြုကာ သန့်ရှင်းမှုမှာ အသင့် အတင့်ရှိပါသည်။ ကျောင်းသားဦးရေမှာ (၆၉)ဦးရှိသဖြင့် ကျောင်းသားဦးရေနှင့် နှိုင်းယှဉ်ပါက အိမ်သာလုံလောက်မှုမရှိပါ။ ကျေးရွာမူလတန်းကျောင်းသည် ရွာအဝင်ဝတွင် ရှိသဖြင့် ကျောင်းသား /သူများသည် စာသင်ယူရန် အဝေးသို့ သွားရောက် သင်ယူရခြင်းမရှိဘဲ ကျေးရွာအတွင်း လွယ်ကူစွာ တက်ရောက်နိုင်ပါသည်။ ကျောင်းသား / သူများ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် ကျောင်းအတွင်းရှိ လက်တူးတွင်း(၈'Ø× ၂၀')မှ ရရှိ ပါသည်။ ထိုရေတွင်းအား ယူနီဆက်မှ လှူဒါန်းထားပြီး အရည်အသွေး ကောင်းမွန်ပါသည်။ ရေတွင်း တွင် အမိုးရှိသော်လည်း အကာအဆီးမရှိသဖြင့် ကလေးများသည် တုတ်ချောင်း၊ အမှိုက်များ

ကို တစ်ခါတစ်ရံပစ်ချတတ်ပါသည်။ ထို့ကြောင့် ရေတွင်းပျက်စီးမှာ စိုးရိမ်ရပြီး ရေတွင်းအား(၂၀’×၂၀’)ပတ်လည်အား သံဇကာဖြင့် ကာရံရန် လိုအပ်နေပါသည်။ အလယ်တန်း နှင့် အထက်တန်းပညာရေးအား ရွာအနီးအနားတွင်ရှိသော ကြက်ယက်တွင်း ကျေးရွာနှင့် သပြေရှောင် ကျေးရွာတို့တွင် ပညာသင်ကြားကြပါသည်။ ကြက်ယက်တွင်း ကျေးရွာသို့(၁)မိုင်ခန့်သွားရပြီး သပြေရှောင် ကျေးရွာသို့ (၀/၄)မိုင်ခန့်သာ သွားရပါသည်။ သို့သော် ကျေးရွာရှိ ကျောင်းသူ/သားများသည် ကြက်ယက်တွင်းကျေးရွာတွင်သာ အနေများကြပါသည်။ ကျောင်းတွင် အာဟာရတိုက် ကျွေးမှုများ ရှိပြီး ဆင်းရဲသော မိသားစုများအတွက် ငွေကြေး ထောက်ပံ့မှုများလည်း ရှိပါသည်။ ကျေးရွာတွင် မူလတန်း အဆင့် ပညာတတ်မြောက်မှုနှုန်းသာ များပြားပြီး ကျန်အဆင့်များ နည်းပါးပါသည်။ ထိုကလေးများသည် ကျောင်းထွက်၍ အရွယ်ရောက်လာလျှင် ထိုင်းနိုင်ငံသို့ အလုပ်လုပ်ရန် လွှတ်ကြသဖြင့် အများသောအားဖြင့် အလယ်တန်းအဆင့်နှင့် ကျောင်းထုတ်သည်မှာ များသည်။ အထက်တန်းအဆင့်တက်နိုင်သော ကျောင်းသား/သူဦးရေမှာ နည်းသဖြင့် ဘွဲ့ရ ဦးရေမှာ နည်းပါးပါသည်။ ထို့ကြောင့် လက်ရှိ ပညာရေး အခြေအနေကို သုံးသပ်ရာတွင် ကျောင်းနေအရွယ် ကလေးများ၏ ပညာရေး အခြေအနေမှာ အခက်အခဲ ရှိနေကြောင်း တွေ့ရပါသည်။ ထို့ကြောင့် ကျေးရွာရှိ မူလတန်း ကျောင်းအား အလယ်တန်းအဆင့်သို့ တိုးမြှင့်မည်ဆိုပါက ပညာတတ်မြောက်မှုနှုန်း များပြားလာမည်ဖြစ်ပါသည်။ မိဘဆရာ အသင်း၏ အခန်းကဏ္ဍမှာလည်း ပူးပေါင်းမှု အားကောင်းပါသည်။ ကျောင်းတွင် တာဝန် ထမ်းဆောင်နေသော ဆရာမများမှာ ဒေသခံများ ဖြစ်ကြသဖြင့် သွားရေးလာရေး အတွက် အဆင်ပြေပါသည်။ ထို့အပြင် ကျောင်းလိုအပ်ချက်များအား ကျောင်းထောက်ပံ့ရေး အဖွဲ့ (SPI)အဖွဲ့မှ (၁)နှစ်လျှင်(၈၀၀၀၀၀)ကျပ်နှုန်းဖြင့် ကျောင်း၏ လိုအပ် ချက်များ ကို အသင့် အတင့်ထောက်ပံ့ပေးလျက်ရှိပါသည်။

**၇။ ကျန်းမာရေး**

သံလျှင် ကျေးရွာတွင် ကျေးလက်ဆေးပေးခန်း မရှိပါ။ သပြေရှောင်ကျေးရွာ ကျေးလက်ဆေးပေးခန်းတွင် ကုသမှုခံယူရပါသည်။ ကျန်းမာရေးဆရာမအား ကျေးရွာသို့ ခေါ်ရန် ခက်ခဲပါသည်။ ထို့ကြောင့် အများအားဖြင့် သကျက်တောကျေးရွာ ၊ တိုက်နယ် ဆေးရုံတွင် ကုသမှုခံယူကြပြီး ကျေးရွာမှ (၅)မိုင်ခန့်ကွာဝေးပြီး အခန်း၊ ကုတင်နှင့် ဆေးဝါး အသင့် အတင့်ရှိပြီး ဆရာ၊ဆရာမများ နွေးထွေးစွာပြုစုကြပါသည်။ ကျေးရွာကိုယ်ထူကိုယ်ထ ကျန်းမာရေး အဖွဲ့မှ တစ်လလျှင် (၁)ကြိမ် (၅)နှစ်အောက်ကလေး များအား ပေါင်ချိန်ခြင်း၊ အားဆေးများ ကျွေးခြင်း၊ အာဟာရမှတ်တမ်းယူခြင်း၊ ကိုယ်ဝန်သည်များအား သံဓါတ် အားဆေး များ ကျွေးခြင်း စသည်ဖြင့် လိုအပ်သည့် ကျန်းမာရေးဝန်ဆောင်မှုများကို ဆောင်ရွက် ပေးပါသည်။ ရောဂါပြင်းထန် လျှင် လောင်းလုံးပြည်သူ့ဆေးရုံနှင့် ထားဝယ်ပြည်သူ့ ဆေးရုံကြီးသို့ သွားရောက်၍ ကုသကြရပါသည်။ ကျေးရွာတွင် အဖြစ်များသော ရောဂါများမှာ ဆီးချို နှင့်သွေးတိုး ရောဂါတို့ဖြစ်ကြပါသည်။ သွေးတိုးရောဂါဖြစ်ပွားမှုနှုန်းမှာ ကျေးရွာ၏ (၅၀%)ခန့် ရှိပါသည်။ အခြား

ရောဂါများအနေဖြင့် ဝမ်းပျက်ဝမ်းလျှော၊ သွေးလွန် တုတ်ကွေး၊ ငှက်ဖျား၊ တီဘီနှင့် အခြား ကူးစက်နိုင်သော ရောဂါများမှာ အနည်းအငယ် ဖြစ်ပွားပါသည်။ SPI အဖွဲ့မှ ကျန်းမာ ရေး အထောက်အပံ့များ အသင့်အတင့်ရရှိသဖြင့် အဆင်ပြေမှု အနည်းငယ်ရှိပါသည်။

သံလျှင်ကျေးရွာတွင် ရေတွင်းမှာ (၃၈) တွင်း ခန့်ရှိ၍ ရေ အရည်အသွေးအား စစ်ဆေးထားခြင်း မရှိပါ။သောက်သုံးရေအား မိုးရာသီနှင့်ဆောင်း ရာသီတွင် လုံ လောက်မှု ရှိပြီး နွေရာသီ တပေါင်းလနှင့် တန်ခူးလများတွင် ရေလုံလောက်မှု အနည်းငယ် အခက်အခဲ ရှိပါသည်။ ထို့အပြင် ကျေးရွာတွင် အဝီစိတွင်းမှရေကိုအသုံးပြုသော အိမ်ထောင်စု (၆၂) အိမ်ရှိပြီး ရေအရည်အသွေးစစ်ဆေးမှု ပြုလုပ်ထားကာ ရေအရည်အသွေး ကောင်းမွန်ပြီး ရာသီမရွေး အသုံးပြုနိုင်ပါသည်။ ထိုရေသည် ၂၀၁၄-၂၀၁၅ခု ဘဏ္ဍာရေး နှစ်တွင် ကျေးလက် ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဆောင်ရွက်သော လုပ်ငန်းဖြစ်ပြီး အဝီစိတွင်းတူးကော် ဂါလံ(၂၅၀၀)ဆံ့ ရေစုကန် တည်ဆောက်ပြီး ထိုရေကန်မှ ရေမီတာစနစ် ဖြင့် တပ်ဆင်ထားပြီး တစ်ယူနစ်လျှင်(၂၀၀)ကျပ်ဖြင့် ဖြန့်ဝေပေး လျက်ရှိပါသည်။

**၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

သံလျှင်ကျေးရွာသည် ၁၉၉၇ခုနှစ်က တောင်ပြိုကျမှုကြောင့် ကျေးရွာ၏ အနောက် ဘက်တွင် သဲများ ဖုံးလွှမ်းခဲ့ပြီး စိုက်ပျိုးမြေများနှင့် အိမ်များ ပျက်စီးကာ ကျေးရွာနေ ပြည်သူ များ အန္တရာယ်နှင့် ကြုံတွေ့ခဲ့ရပါသည်။ ထို့အပြင် လွန်ခဲ့သောနှစ် မိုးရာသီတွင် သစ်ပင် ပြိုလဲမှုကြောင့် အိမ်တစ်ခြမ်းပြိုခဲ့ပြီး သဘာဝဘေး စီမံခန့်ခွဲရေးဦးစီးဌာန၏ ကူညီ စောင့်ရှောက်မှုကို ရရှိခဲ့ပါသည်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ပတ်သက်၍ အစီအစဉ် ရေးဆွဲထားခြင်းမျိုး မရှိပါ။ မိမိအိမ်မှ ထွက်ရှိသော အမှိုက်သရိုက် များအား စုပုံပြီး မီးရှို့ကြ ပါသည်။ ထို့ကြောင့် သန့်ရှင်းသာယာလှပသော ကျေးရွာတစ်ရွာဖြစ်စေရေးအတွက် ကျေးရွာ အမှိုက်စီမံခန့်ခွဲမှုစနစ်အား စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်သင့် ပါသည်။ထို့အပြင် ကျေးရွာတွင် သဘာဝဘေးဖြစ်ခဲ့ဖူးသဖြင့် သဘာဝဘေးအန္တရာယ် ကာကွယ်ရေးဆိုင်ရာ စီမံချက်အား ရေးဆွဲထားသင့်ကြောင်း တွေ့ရှိရပါသည်။

**၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ**

ရပ်ရေးရွာရေး အုပ်ချုပ်မှုပိုင်းတွင် အမျိုးသားများ ဦးဆောင်ပြီး အမျိုးသမီးများ ပါဝင် ပတ်သက်မှု မရှိပါ။အုပ်ချုပ်မှုအပိုင်း စီမံခန့်ခွဲရာတွင် ပိုပိုသေချာစေရေးအတွက် ရပ်မိရပ်ဖ အဖွဲ့တွင် အမျိုးသမီးများ ထည့်သွင်း ဖွဲ့စည်းသင့်ပါသည်။ အုပ်ချုပ်ရေးမှအပ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ ကျေးရွာဖွံ့ဖြိုးရေး၊ စီးပွားရေးနှင့် လူမှုရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ အမျိုးသမီးများ အများဆုံးပါဝင်ပါသည်။ ထို့အပြင် ပညာရေးနှင့် စာတတ် မြောက်မှု နှုန်းတွင် အမျိုးသားများနှင့် အမျိုးသမီးများသည် တန်းတူနီးပါးရှိ ပါသည်။ ကျောင်းတက်နှုန်းမှာ အမျိုးသမီးဦးရေ(၅၃)ဦးရှိပြီး အမျိုးသားများမှာ(၅၄)ရှိသဖြင့် ကျေးရွာ

၏ ပညာရေး ကဏ္ဍတွင် အခွင့်အရေး တန်းတူရှိပါသည်။ ကျွန်ုပ်တို့ကျေးရွာတွင် လူငယ်များမှာ နိုင်ငံခြားသို့ သွားလာကြသူများ များပြားပါသည်။ ကျေးရွာရှိ အားကစားကွင်းမှာ မြေမညီခြင်း၊ ခြံစည်းရိုးမရှိခြင်း၊ ယာဉ်များ၊ တိရစ္ဆာန်များ ဖြတ်သန်း သွားလာမှုကြောင့် ပျက်စီးနေပြီး ပြန်လည်ပြုပြင်ရန် လိုအပ်နေပါသည်။ ထို့အပြင် မူးယစ်ဆေးဝါး သုံးစွဲမှုနှင့် ပတ်သက်၍ လူငယ်များ အသိပညာများ တိုးပွားလာစေရန် အသိပညာပေး ဟောပြောပွဲများလည်း ပြုလုပ်ရန် လိုအပ်နေပါသည်။ သံလျှင်ကျေးရွာတွင် အလုပ်လုပ်နိုင်သော အမျိုးသမီးနှင့် အမျိုးသားဦးရေမှာ အမျိုးသားက အနည်းငယ်ပိုများပါသည်။ ကျား/မဆိုင်ရာ တာဝန်ယူမှု အပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏စံနှုန်းများအရ ကောင်းစွာ သတ်မှတ်ထားကြသည်။ လွန်ခဲ့သော နှစ်အတွင်း ကျေးရွာအတွင်း မိန်းမပျို/အမျိုးသမီး များအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့)တိုင်ကြားမှုများ မရှိခဲ့ပါ။ ထို့အပြင် အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှု ဆိုင်ရာများ အတွက် လူထု၏ အသိအမြင် ရှိမှုမှာ အများအားဖြင့် အချို့အမျိုးသမီးများက သိသလို အချို့ အမျိုးသမီးများလည်း မသိသေးပါ။ ထို့ကြောင့် တရားဥပဒေနှင့် ပတ်သတ်ပြီး အသိပညာ ပေး ဟောပြောပွဲများ ပြုလုပ်ရန် လိုအပ်နေပါသည်။

## ၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

| ကျေးရွာအုပ်စုအမည် – သပြေရှောင် | | | ကျေးရွာအမည် – သံလျှင် | |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် | အဆိုပြု လုပ်ငန်းစဉ်များ | မှတ်ချက် |
| ၁ | အခြေခံ အဆောက်အဦ | ကျေးလက် လမ်းတံတား | သံလျင်– ဟင်းချိုတောကျေးရွာချင်းဆက်လမ်း (၁၈၅၀’×၂၀’)အား မြေသားလမ်းတိုးချဲ့ခြင်း | |
| ၂ | အခြေခံ အဆောက်အဦ | ကျေးလက် လမ်းတံတား | ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း(၄၉၀၀’×၁၂’×၆”) | ၂၀၁၉–၂၀၂၀ ကျေးလက်လမ်းဦးစီး |
| ၃ | အခြေခံ အဆောက်အဦ | ကျေးလက် လမ်းတံတား | ကျေးရွာတွင်းလမ်းအဟောင်းအား မြေသားလမ်းတိုးချဲ့ဖောက်လုပ်ခြင်းလုပ်ငန်း(၃၃၅၀’×၁၈’×၂’) | ပထမ ဦးစားပေး |
| ၄ | အခြေခံ အဆောက်အဦ | ကျေးလက် လမ်းတံတား | ရွာအဟောင်းလမ်းပေါ်ရှိ သစ်သားတံတား(၂၂’×၁၅’×၈’)အား ကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်း | |
| ၅ | အခြေခံ အဆောက်အဦ | ကျေးလက် လမ်းတံတား | ကျေးရွာတွင် မီးအမြန်ရရှိအောင် ဆောင်ရွက်ခြင်း | |
| ၆ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | မူလတန်းမှ မူလွန်အဆင့်သို့ အဆင့်မြှင့်တင်ခြင်းလုပ်ငန်း | |
| ၇ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | ကျောင်းအဆောက်အဦ(၆၀’×၄၀’)သို့ အဆင့်မြှင့်တင်ခြင်းလုပ်ငန်း | |
| ၈ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | ကျောင်းအဆောက်အဦ(၆၀’×၃၀’)အား အမိုး၊ နံရံပြုပြင်ခြင်း | |
| ၉ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | ကျောင်းခြံစည်းရိုးကာရံခြင်း(၁၀၀’×၅’) | |
| ၁၀ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | ကျောင်းသုံးပရိဘောဂ စာရေးခုံ(၈)စုံ ဖြည့်ဆည်းခြင်း | |
| ၁၁ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | ကျောင်းတွင်(၂)ခန်းတွဲ အိမ်သာ ဆောက်လုပ်ခြင်း | |

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

| ကျေးရွာအုပ်စုအမည် – သပြေရှောင် | | | ကျေးရွာအမည် – သံလျှင် | |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် | အဆိုပြု လုပ်ငန်းစဉ်များ | မှတ်ချက် |
| ၁၂ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | ကျောင်းရေတွင်း (၂၀'×၂၀')အား သံဇကာ ကာရံခြင်း | |
| ၁၃ | ထုတ်ကုန်လုပ်ငန်းနှင့် အသေးစား၊အလတ်စား စီးပွားရေးလုပ်ငန်းများ ဆိုင်ရာ | ထုတ်ကုန်လုပ်ငန်းများ၊ SMLE | အသက်မွေးဝမ်းကျောင်း ပညာပေးသင်တန်းများ ပြုလုပ်ရန်လိုအပ်ခြင်း(ဆိုင်ကယ်ပြင်၊ အပ်ချုပ်စက်) | |
| ၁၄ | စိုက်ပျိုးရေး | စက်ကိရိယာ | ပေ(၅၂၈၀)ရှိ ချောင်းတူးဖော်ရန် လိုအပ်ခြင်း | |
| ၁၅ | စိုက်ပျိုးရေး | နည်းပညာ | စိုက်ပျိုးရေးနည်းပညာပေးသင်တန်းများ ပြုလုပ်ခြင်း | |
| ၁၆ | စိုက်ပျိုးရေး | စက်ကိရိယာ | စိုက်ပျိုးရေးစက်ကိရိယာများအား အရစ်ကျစနစ်ဖြင့် ဝယ်ယူခြင်း | |
| ၁၇ | စိုက်ပျိုးရေး | ဈေးကွက် | စိုက်ပျိုးရေးသီးနှံများအား ဈေးကွက်လက်လှမ်းမီအောင် ဆောင်ရွက်ခြင်း | |
| ၁၈ | မွေးမြူရေး | နည်းပညာ | မွေးမြူရေးနည်းပညာပေးသင်တန်းများ ပြုလုပ်ခြင်း | |
| ၁၉ | မွေးမြူရေး | ဈေးကွက် | ဈေးကွက်လက်လှမ်းမီအောင် ဆောင် ရွက်ခြင်း | |
| ၂၀ | သတင်းနှင့် ဆက်သွယ်ရေး | သတင်းနှင့် ဆက်သွယ်ရေး | စာကြည့်တိုက်ပြုပြင်ရန်(စာအုပ်များ ဖြည့်ဆည်းရန်) | |
| ၂၁ | အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေး | အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေး | သဘာဝဘေးကြိုတင်စီမံချက်ရေးဆွဲခြင်း | |
| ၂၂ | လူငယ်နှင့် အားကစား | အားကစား | ကျေးရွာ အားကစားကွင်းပြုပြင်ခြင်း | |

## ၁၀။ ဦးစားပေးဆောင်ရွက်မည့်  အဆိုပြု စီမံချက်လုပ်ငန်းများ

| ကျေးရွာအုပ်စုအမည် – သပြေရှောင် | | | ကျေးရွာအမည် – သံလျှင် | |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် | အဆိုပြု လုပ်ငန်းစဉ်များ | မှတ်ချက် |
| ၂၃ | လူငယ်နှင့် အားကစား | အားကစား | မူးယစ်ဆေးဝါးနှင့် ပတ်သက်၍ ဟောပြောပွဲ ပြုလုပ်ခြင်း | |
| ၂၄ | ငွေကြေး | အသေးစား | အတိုးနှုန်းသက်သာသော ချေးငွေများ ရရှိအောင်ဆောင်ရွက်ခြင်း (မြစိမ်းရောင်ကျေးရွာစီမံကိန်း) | |
| ၂၅ | | | | |
| ၂၆ | | | | |
| ၂၇ | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |

နောက်ဆက်တွဲ (၁)

## သံလျှင်ကျေးရွာ ၊ သပြေရှောင်ကျေးရွာအုပ်စု ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁။ | ဦးမျိုးအောင် | ဦးဘရှိန် | ၆/လလန(နိုင်)၀၀၂၁၂၄ | ၄၉ | နာယက | - |
| ၂။ | ဦးအောင်ဝင်း | ဦးဘဝင်း | ၆/လလန(နိုင်)၀၀၂၅၆၈ | ၄၈ | နာယက | - |
| ၃။ | ဦးအောင်ကြည် | ဦးဖေအေး | ၆/လလန(နိုင်)၀၀၁၂၄၈ | ၅၆ | နာယက | - |
| | | | | | | |
| ၁ | ဦးမျိုးအောင် | ဦးအောင်သိန်း | ၆/လလန(နိုင်)၁၂၆၃၇၉ | ၃၀ | ဥက္ကဋ္ဌ | - |
| ၂ | ဦးငြိမ်းပြည့်စုံ | ဦးခင်မောင်အေး | ၆/ထဝန(နိုင်)၇၉၀၁၂၆၉၉၀ | ၂၁ | အတွင်းရေးမှူး | ၀၉-၇၉၀၁၂၆၉၉၀ |
| ၃ | ဦးအောင်သူ | ဦးအောင်သန်း | ၆/လလန(နိုင်)၁၁၁၇၅၇ | ၃၁ | ဘဏ္ဍာရေးမှူး | ၀၉-၇၆၃၇၉၁၉၀၈ |
| ၄ | ဦးဟန်သီး | ဦးဖေဝင်း | ၆/လလန(နိုင်) ၀၈၈၉၀၈ | ၃၂ | စာရင်းကိုင် | - |
| ၅ | ဒေါ်ဖြူစန်း | ဦးဘအင် | ၆/လလန(နိုင်)၁၄၇၅၇၆ | ၄၀ | အဖွဲ့ဝင် | - |
| ၆ | ဦးအောင်ရှန် | ဦးကြည်ဝင်း | ၆/လလန(နိုင်)၀၆၀၇၆၅ | ၄၂ | အဖွဲ့ဝင် | - |
| ၇ | ဒေါ်အေးချို | ဦးမောင်အေး | ၆/လလန(နိုင်) ၁၅၂၈၇၀ | ၂၀ | အဖွဲ့ဝင် | - |

## ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

### (၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

### (က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၈ | ၁၁ | ၁၉ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅နှစ်အောက်ကလေးငယ် | ၂၅ | ၂၀ | ၄၅ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၂၈ | ၁၈ | ၄၆ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၂၅ | ၂၉ | ၅၄ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၂၁၇ | ၁၈၇ | ၄၀၄ |
| ၆၅ နှစ်အထက် | သက်ကြီးရွယ်ကြီး | ၅ | ၁၀ | ၁၅ |
| **စုစုပေါင်း** | | **၃၀၈** | **၂၇၅** | **၅၈၃** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၈၀** | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ သံလျှင်ကျေးရွာတွင် အိမ်ထောင်စု (၈၀)စု ရှိပြီး ကျား(၃၀၈)ဦး နှင့် မ(၂၇၅)ဦးရှိပါသည်။ ကျွန်ုပ်တို့ကျေးရွာရှိ ကျား၊ မ အချိုးအစားမှာ တူညီသလောက်ရှိပါသည်။ (၁)နှစ်အောက် နို့စို့အရွယ်ကလေးမှာ (၁၈)ဦးရှိပြီး ကျောင်းနေရွယ်ကလေးမှာ (၁၀၀)ဦးခန့် ရှိပါသည်။ အိမ်ထောင်သည်များ၏ သားဆက်ခြားဆိုင်ရာ အသိပညာ တိုးတက်လာမှု ရှိသည်ဟု ဆိုနိုင်ပါသည်။ ပျှမ်းမျှ တစ်အိမ်ထောင်လျှင် (၇.၂)ဦးရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျှမ်းမျှတစ်အိမ်ထောင်လျှင် (၅)ဦးထက်ပိုနေပါသည်။(၆၅)နှစ်အထက် သက်ကြီး ရွာကြီးမှာ နည်းပါးပြီး (၁၅)ဦးသာ ရှိပါသည်။(၁၅)နှစ်မှ (၆၄) နှစ်အထိ အလုပ်လုပ်နိုင်သည့် လူဦးရေမှာ (၄၀၄)ဦးရှိပြီး ကျေးရွာ၏ (၆၉%)ခန့်ရှိပါသည်။ ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားအရင်းအမြစ် ကောင်းများ အဖြစ် ထောက်ပံ့မှု ပေးနိုင်ပါသည်။

### (ခ) အလုပ်လုပ်နိုင်သူ အင်အား

### (ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၅ | ၂၉ | ၄ | မြင့်☐လတ်☑နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၆ | ၁၂ | ၃ | မြင့်☐လတ်☐နိမ့်☑ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | ၁ | မြင့်☐လတ်☐နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၈ | ၁၃ | ၆ | မြင့်☐လတ်☑နိမ့်☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃ | ၄ | ၂ | မြင့်☐လတ်☑နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၅ | ၁၂ | ၇ | မြင့်☐လတ်☐နိမ့်☑ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | ၁ | မြင့်☐လတ်☐နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၅ | ၅ | ၇ | မြင့်☐လတ်☐နိမ☑ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | ၂ | မြင့်☐လတ်☐နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၁ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၆ | ၉ | | မြင့်☐လတ်☑နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၆ | ၁၆ | ၂၁ | မြင့်☐လတ်☐နိမ့်☑ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | ၂ | မြင့်☐လတ်☑နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၂၃ | ၃၈ | ၂၀ | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | **စုစုပေါင်း** | ၈၁ | ၁၄၁ | ၇၆ | ☒ |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။"**အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ**"အရေအတွက်တွင်"**မိသားစုဝင်လုပ်အား**" ထပ်မံထည့်သွင်းကောက်ယူခြင်း မပြုရပါ။ "**ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)**" ဆိုသည်မှာ ဖော်ပြပါလုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ -"**စိုက်ပျိုးရေး**"

ကဏ္ဍ ၏ **“ကိုယ်ပိုင်လုပ်ငန်း”**တွင်ရပ်တည်နိုင်မှု**“မြင့်”** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ သံလျှင်ကျေးရွာတွင် ကျပန်းအလုပ်သမားများ များပြားပြီး (၅၈)ဦးရှိပြီး အိမ်ထောင်စု(၂၃)စုခန့် ရှိပါသည်။ ထို့အပြင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ(၂၁)စု၊ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ(၁)စုနှင့် ရေငန်ငါးဖမ်းလုပ်ငန်းအား အလုပ်သမားအဖြစ် လုပ်ကိုင်သူ(၈)အိမ် ရှိပါသည်။ ကျောက်ထုတ်လုပ်ခြင်းနှင့် သဲထုတ်လုပ်ခြင်းလုပ်ငန်းအား အဓိကထားလုပ်ကိုင်သူ (၈)အိမ်ထောင်စုရှိပြီး အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်း အဖြစ် လုပ်ကိုင် သူ(၉)ဦးရှိပါသည်။ ပန်းရံအလုပ်သမား(၅)ဦး၊ မော်တော်ဆိုင်ကယ်ပြုပြင်သူ(၁)ဦး၊ ကားဖြင့် ထားဝယ်မြို့သို့ ပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်(၁)ဦးနှင့် ထော်လာဂျီဖြင့် သဲ၊ကျောက်များကို ပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်နေသော အိမ်ထောင်စု(၂)စုနှင့် အရောင်းအဝယ်လုပ်ကိုင်သည့် လူဦးရေ(၄၅)ဦးတို့ ရှိကြပါသည်။ လက်လီလက်ကား ရောင်းဝယ်ရေး လုပ်ငန်းလုပ်ကိုင်သူများ၊ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူများ၊ ပို့ဆောင်ရေးလုပ်ငန်းနှင့် ကျောက်၊ သဲထုတ်လုပ်သူများကို ကိုယ်ပိုင်လုပ်ကိုင်သူများသာ ဝင်ငွေရပ်တည်နိုင်မှု အသင့်အတင့်ရှိပြီး ကျန်လုပ်ငန်း လုပ်ကိုင်သူ များမှာ ဝင်ငွေရပ်တည်နိုင်မှု နိမ့်ပါးပါသည်။ ထို့ကြောင့် ကျေးရွာတွင် စက်ရုံ၊ အလုပ်ရုံများနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးရန် လိုအပ်နေပါသည်။

### (ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၇၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၅၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | ၁၂၀၀၀ | | ၉၀၀၀ | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | ၇၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀၀ |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၂၀၀၀ | | ၇၀၀၀ | |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ | နေ့စား | | | | |

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| | အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | | | | | |
| ၈ | လက်လီ–လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**မှတ်ချက်** (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် အများဆုံးလုပ်ငန်းအဖြစ် ကျောက်ထုတ်လုပ်ခြင်းလုပ်ငန်းအား လုပ်ကိုင်ကြပြီး အကြီးစားလုပ်ငန်းအဖြစ် ဆောင်ရွက်ခြင်းမဟုတ်ဘဲ အသေးစားအဖြစ်သာ လုပ်ကိုင် ကြပါသည်။ ကျေးရွာရှိကလေးသူငယ်အများစုသည် အားလပ်ချိန်များ၌ ကျောက်ထုကြပြီး မုန့်ဖိုးများရာကြပါသည်။ တစ်နေ့လျှင် အများဆုံး ကျား(၇၀၀၀)ကျပ်နှင့် မ(၅၀၀၀)ရရှိပြီး အနည်းဆုံးကျား(၆၀၀၀)ကျပ်နှင့် မ(၃၀၀၀)ကျပ်ရရှိပါသည်။ ထို့အပြင် လယ်ယာစိုက်ပျိုးရေး၌ နေ့စားတစ်ရက်လျှင် ကျား(၇၀၀၀–၆၀၀၀)ရရှိပြီး မ(၆၀၀၀–၅၀၀၀)ကျပ်အကြား ရရှိပါသည်။ ရေငန်ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူများမှာ အများဆုံး(၁၂၀၀၀)ကျပ်ခန့်ရရှိပြီး အနည်းဆုံး(၉၀၀၀) ကျပ်ခန့် ရရှိပါသည်။ ပန်းရံလုပ်ငန်းများမှာ အမျိုးသားများသာ လုပ်ကိုင်ကြပြီး အများဆုံး (၁၂၀၀၀)ကျပ်နှင့် အနည်းဆုံး(၇၀၀၀)ရရှိပါသည်။ အခြားလုပ်ငန်းများအနေဖြင့် ရာဘာလုပ်ငန်း အား လုပ်ကိုင်ကြပြီး တစ်နေ့လျှင်(၈၀၀၀–၇၀၀၀)ကျပ်အကြား ရရှိပါသည်။ ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်သူ(၅)ဦးရှိပြီး အငှါးလုပ်ကိုင်သူ(၁၄)ဦးရှိပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့ကျေးရွာတွင် အမျိုးသမီးများ၏ လုပ်အားခနှင့် အမျိုးသားများ၏ လုပ်အားခသည် တန်းတူနီးပါးရှိသဖြင့် အမျိုးသမီး ဦးစီးသည့် အိမ်ထောင်စုများအတွက် စားဝတ်နေရေး အသင့်အတင့်အဆင်ပြေမှုမှုရှိပါသည်။

### (ဂ) သဘာဝရင်းမြစ်များ၏

### (ဂ–၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး(မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|
| လယ်မြေ | ၃၀.၅၃ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၃၄ | ကောင်း ☑ သင့်☐ ညံ့ ☐ |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး(မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ဥယျာဉ်ခြံမြေ | ၉၄.၃၅ | ကောင်း ☑ သင့်☐ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဓနိတောမြေ | ၅ | ကောင်း ☐ သင့်☐ ညံ့ ☑ |
| စားကျက်မြေ | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| မြေလွတ် မြေလပ် | ၉ | ကောင်း ☐ သင့်☐ ညံ့ ☑ |
| **စုစုပေါင်း** | **၁၇၂.၈၈** | ☒ |

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

**လေ့လာတွေ့ရှိချက်။** ။ သံလျှင်ကျေးရွာတွင် လယ်မြေ(၃၀.၅၃)ဧကရှိပြီး မြေဆီလွှာအရည် အသွေးအသင့်အတင့် ကောင်းမွန်ပါသည်။ ယာမြေ/တောင်ယာမြေ( ၃၄)ဧကနှင့် ဥယျာဉ်ခြံမြေ (၉၄.၃၅) ဧကရှိပြီး မြေဆီလွှာ အရည်အသွေးကောင်းမွန်ပါသည်။ ဥယျာဉ်ခြံမြေများတွင် အများ အားဖြင့် ကွမ်းသီးနှင့် ရာဘာအပင်များကို စိုက်ပျိုးကြပါသည်။ ထို့အပြင် ဓနိတောမြေ(၅)ဧကနှင့် မြေလွတ်မြေလပ်(၉)ဧကလည်းရှိပါသည်။ မြေလွတ်မြေလပ်များမှာ ယခင်က လယ်ယာမြေများ ဖြစ်ကြပြီး တောင်ပြိုကျမှုကြောင့် သဲများဖုံးလွှမ်းသွားပြီး သီးနှံများ မစိုက်ပျိုးနိုင်ပါ။ ထို့ကြောင့် သံလျှင်ကျေးရွာရှိ လူဦးရေနှင့် နှိုင်းယှဉ်လျှင် လယ်ယာစိုက်ပျိုးမြေနည်းပါးသဖြင့် ဝမ်းစာမဖူလုံမှု အနည်းငယ်ရှိပါသည်။

## (၈–၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| **အမျိုးအစား** | **ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်) | **အသုံးချနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | များ☐ သင့်☐ နည်း☐ မရှိ☑ | လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ☑ သင့်☐ နည်း☐ မရှိ☐ | လွယ်☑ ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ☐ သင့်☐ နည်း☑ မရှိ☐ | လွယ်☐ ခက☑အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ☐ သင့်☐ နည်း☑ မရှိ☐ | ☒ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ သံလျှင်ကျေးရွာတွင် ဓာတ်ငွေ့၊ ရေနံ၊ကျောက်မျက်စသည်များ ထွက်ရှိမှု မရှိပါ။ ကျောက်၊သဲ၊ ကျောက်စရစ်များကို ကျေးရွာမှ အများဆုံးထွက်ရှိပြီး အသုံးချနိုင်မှု လွယ်ကူပါသည်။ သဘာဝအပင်မျိုးစိတ်များကို အနီးအနားပတ်ဝန်းကျင်တွင် အနည်းငယ်တွေ့ရတတ်ပြီး အသုံးချနိုင်မှု ခက်ခဲပါသည်။ သဘာဝတတိရစ္ဆာန်မျိုးစိတ်များအနေဖြင့် တောဝက်နှင့် ချေများကို တစ်ခါတစ်ရံတွေ့ရတတ်ပါသည်။

## (ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၈-၁၅ဧက | ၄-၇ဧက | ၀.၁-၃ဧက | မရှိ |
| အိမ်အခြေအနေ | တစ်ထပ်အိမ်၊ သွပ်မိုး၊အုတ်ကာ | တစ်ထပ်အိမ်၊ ပျဉ်ထောင်၊ဓနိမိုး | ပျဉ်ထောင်၊ဓနိမိုး | ဝါး၊ထရံကာ၊ဝါးခင်း၊ တောတိုင် |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | သဲစုပ်စက်၊ကား၊ ဆိုင်ကယ် | ထော်လာဂျီ၊ ဆိုင်ကယ်၊ မြက်ရိတ်စက် | ဆိုင်ကယ် | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | ကျောက်/သဲ ထုတ် ခြင်း၊ အရောင်း အဝယ်၊ ရာဘာ၊ လယ် | ကျောက်ထုတ်လုပ် ခြင်း/ပန်းရံ၊လက် သမား | တစ်နိုင်တစ်ပိုင် ကျောက်ထုတ်လုပ် ခြင်း၊ နေ့စား/ ကျဘမ်း | နေ့စား/ကျဘမ်း |
| **အိမ်ထောင်စု** | ၅ | ၁၁ | ၂၈ | ၃၆ |

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ သံလျှင်ကျေးရွာ၏ ဥစ္စာဓနအခြေအနေအား အဆင်ပြေသော အိမ်ထောင်စု၊ အလယ်အလတ်ရှိသော အိမ်ထောင်စု၊ မပြေလည်သောအိမ်ထောင်စုနှင့် အလွန်မပြေလည်သော အိမ်ထောင်စုဟူ၍ (၄)ပိုင်း သတ်မှတ်ထားပါသည်။ အဆင်ပြေသော အိမ်ထောင်စုများ၏ မြေယာပိုင်ဆိုင်မှုမှာ(၈-၁၅)ဧကအကြားရှိသူများဖြစ်ပြီး အိမ်အခြေအနေမှာ တစ်ထပ်အိမ်၊ သွပ်မိုး၊ အုတ်ကာများဖြစ်ကြပါသည်။ ကုန်ထုတ်လုပ်မှုဆိုင်သော ပိုင်ဆိုင်မှုများအနေဖြင့် သဲစုပ်စက်၊ ကားနှင့် ဆိုင်ကယ်ပိုင်ဆိုင်ကြပြီး အဓိကစီးပွားရေးလုပ်ငန်းအဖြစ် ကျောက်/သဲထုတ်လုပ်ခြင်း၊ အရောင်း အဝယ်လုပ်ငန်း၊ ရာဘာနှင့် လယ်ယာစိုက်ပျိုးကြကာ အိမ်ထောင်စု(၅)စု ခန့်သာရှိ ပါသည်။ အလယ်အလတ်ရှိသော အိမ်ထောင်စုမှာ(၁၁)စုရှိပြီး မြေယာပိုင်ဆိုင်မှုမှာ (၄-၇)ဧကအကြားနှင့် အိမ်ခြေအနေမှာ တစ်ထပ်အိမ်၊ ပျဉ်ထောင်၊ဓနိမိုးများ ဖြစ်ကြပါသည်။ အဓိစီးပွားရေးလုပ်ငန်း အဖြစ် ကျောက်ထုတ်လုပ်ကြပြီး ထော်လာဂျီ၊ မြက်ရိတ်စက်နှင့် ဆိုင်ကယ်များကို ပိုင်ဆိုင်ကြ ပါသည်။ မပြေလည်သော အိမ်ထောင်စုနှင့် အလွန်မပြေလည်သော အိမ်ထောင်စုများမှာ (၆၄)အိမ် ထောင်စု ရှိပြီး ကျေးရွာ၏(၈၀%)ခန့်ရှိပါသည်။ ထိုသူများသည် အများအားဖြင့် ကျဘန်း အလုပ် သမား များ ဖြစ်ကြပါသည်။

### (င) ထိခိုက်လွယ်မှု

### (င-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား= ___________<br>အစာလျှော့စား= ___________<br>အထောက်အပံ့ယူ = ___________<br>ချေးယူ = ___________<br>လုပ်အားခကြိုယူ= ___________ |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား= ___________<br>အစာလျှော့စား= ___________<br>အထောက်အပံ့ယူ = ___________<br>ချေးယူ = ___________<br>လုပ်အားခကြိုယူ= ___________ |
| ၆လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား= ___________<br>အစာလျှော့စား= ___________<br>အထောက်အပံ့ယူ = ___________<br>ချေးယူ = ___________<br>လုပ်အားခကြိုယူ= ___________ |

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။** ။

### (င-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | ၁ | - | ၁ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | - | - | - |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၁၅ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | ၄ | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | - | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် မိသားစုစောင့်ရှောက်မှု မရှိသော သက်ကြီးရွယ်အို (၆၄)နှစ်နှင့်အထက် အမျိုးသား(၁)ဦးရှိပါသည်။ ထိုအမျိုးသားသည် ကျေးရွာတွင် တစ်ယောက်တည်း

နေထိုင်ပြီး ကြုံသလို ကျဘန်းအလုပ်ကို လုပ်ကိုင်ကာ စားသောက်ပါသည်။ ထိုသူ၏ သား/သမီး များမှ အခြားကျေးရွာများတွင်နေထိုင်ကြပြီး တစ်ခါတစ်ရံလာပါသည်။ ထိုအပြင် ကျေးရွာတွင် မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂများမရှိပါ။ သို့သော်လည်း မသန်စွမ်း ကျား(၃)ဦးနှင့် မ(၁)ဦးရှိပြီး ထိုသူများသည် မိဘများနှင့်အတူ နေထိုင်ပါသည်။ ၎င်းအပြင် အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု (၁၅)စုနှင့် မုဆိုးဖို/တစ်ခုလပ် အိမ်ထောင်စု (၄)စုရှိပြီး သားသမီးများမှ ပြုစုစောင့်ရှောက်ပါသည်။ သံလျှင်ကျေးရွာတွင် အခြားဒေသသို့ သွားရောက်ပြီး လုပ်ကိုင်စားသောက်သည့် ဆင်းရဲအိမ်ထောင်စုများမရှိပါ။ထို့ကြောင့် ကျွန်ုပ်တို့ ကျေးရွာရှိ ထိခိုက် လွယ်သည့် အုပ်စုများမှာ ကူညီစောင့်ရှောက်မှု အသင့်အတင့်ရှိသဖြင့် အနည်းငယ် အဆင်ပြေမှု ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

### (င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် ☐လတ် ☐နိမ့်☑မရှိ ☐ |
| ၃ | ရေကြီးခြင်း | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၆ | မုန်တိုင်း | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၇ | ငလျင် | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၈ | မီးဘေး | မြင့် ☐လတ် ☑နိမ့်☐မရှိ ☐ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့် ☐လတ် ☐နိမ့်☑မရှိ ☐ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☐လတ် ☐နိမ့်☑မရှိ ☐ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐လတ် ☐နိမ့်☑မရှိ ☐ |
| ၁၃ | တီဘီရောဂါ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐လတ် ☐နိမ့်☑မရှိ ☐ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့် ☐လတ် ☐နိမ့်☑မရှိ ☐ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ သံလျှင်ကျေးရွာတွင် စားနပ်ရိက္ခာ မဖူလုံမှုမှာ မရှိသလောက် နည်းပါးပါသည်။ ငလျင်၊ မိုးခေါင်ခြင်း၊ အအေးလွန်ကဲခြင်း၊ ရေကြီးခြင်း၊တီဘီရောဂါ၊ ပြည်တွင်း ပဋိပက္ခ များ မရှိပါ။ သို့သော်လည်း ၁၉၉၇ခုနှစ်က တောင်ပြိုကျမှုကြောင့် ကျေးရွာ၏ အနောက်ဘက် ခြမ်းတွင် သဲများဖုံးလွှမ်းသွားပြီး စိုက်ပျိုးမြေနှင့် အိမ်များ ပျက်စီးကာ ကျေးရွာနေပြည်သူများ အန္တရာယ်နှင့်

ကြုံတွေ့ခဲ့ရပါသည်။ ထို့အပြင် ယခင်နှစ်မိုးရာသီတွင် သစ်ပင်ပြိုလဲမှုကြောင့် အိမ် တစ်ခြမ်းပြိုခဲ့ပြီး သာဝဘေးစီမံခန့်ခွဲမှုဦးစီးဌာန၏ ကူညီစောင့်ရှောက်မှု ရရှိခဲ့ပါသည်။ ထို့အပြင် သစ်တောပြုန်းတီးမှု၊ ငှက်ဖျားရောဂါ၊ ကိုယ်ခံအားကျဆင်းမှုရောဂါနှင့် တီရစ္ဆာန်ရောဂါကျ ရောက်မှု အနည်းငယ်ရှိပြီး ထိုခိုက်လွယ်မှု နိမ့်ပါသည်။

## (င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် ☐လတ် ☐နိမ့်☑မရှိ ☐ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် ☐လတ် ☐နိမ့်☑မရှိ ☐ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် ☐လတ် ☐နိမ့်☑မရှိ ☐ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | မြင့် ☐လတ် ☑နိမ့်☐မရှိ ☐ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၂ | ဒေသတွင်းင ရီယာတွင် နေထိုင်သူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၅ | ဆေးစွဲသူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | မြင့် ☐လတ် ☐နိမ့်☑မရှိ ☐ |
| ၁၈ | နေရပ်ပြန် အခြေချသူများ | မြင့် ☐လတ် ☐နိမ့်☑မရှိ ☐ |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | မြင့် ☐လတ် ☐နိမ့်☑မရှိ ☐ |
| ၂၀ | ကားမောင်းပြီး အသက်မွေးသူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ သံလျှင်ကျေးရွာတွင် ကျောက်ထုတ်လုပ်ငန်း၊ သဲစုပ်လုပ်ငန်း လုပ်ကိုင်သူများသည် မြစ်ကမ်းဘေးတွင် တဲဆောက်ကာ အလုပ်လုပ်ကြသော်လည်း အတည် တကျမနေထိုင်ပါ။ လက်လုပ်လက်စား၊ ကျပန်းအလုပ်သမားများ များပြားပြီး အလုပ်အကိုင် အခွင့် အလမ်း ရှားပါးပါသည်။ ထို့ကြောင့် အနီးအနားပတ်ဝန်းကျင်တွင် စက်ရုံ၊ အလုပ်ရုံများ တည်ဆောက် ပေးမည်ဆိုပါက ကျပန်းအလုပ်သမားများအတွက် ပိုမိုအဆင်ပြေလာပါမည်။ ထို့အပြင် ကားမောင်း

ပြီး အသက်မွေးသူ(၁)ဦးရှိပြီး ထိခိုက်မှုများ မရှိပါ။ ဒေသအတွင်း ပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ၊ နယ်စပ်တွင်နေထိုင်သူများ၊ ရွှေတွင်းအလုပ်သမားများ၊ လှည့်လည် ဈေးရောင်းသူများ မရှိပါ။ ရွှေ့ပြောင်းလုပ်သားများ (၅၀)ဦးခန့်ရှိပြီး ထိခိုက်လွယ်မှု နိမ့်ပါသည်။

## (၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

### (က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

### (က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ | ၁☐ ၂☑ ၃☐ | - | ၆ | ၆ | ပညာရေး☑ငွေကြေး☐<br>ကျန်းမာရေး☑ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ကောင်း☑<br>သင့် ☐<br>ညံ့ ☐ |
| ၂ | သာရေး/နာရေးအဖွဲ့ | ၁☐ ၂☑ ၃☐ | ၁၅ | ၁၅ | ၃၀ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ကောင်း ☑<br>သင့် ☐<br>ညံ့ ☐ |
| ၃ | အပျို/လူပျိုအဖွဲ့ | ၁☐ ၂☑ ၃☐ | ၁၈ | ၁၂ | ၃၀ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ကောင်း ☐<br>သင့် ☑<br>ညံ့ ☐ |
| ၄ | ဂေါပကအဖွဲ့ | ၁☐ ၂☐ ၃☑ | ၇ | - | ၇ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☑<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ကောင်း ☐<br>သင့် ☑<br>ညံ့ ☐ |
| ၅ | ကျောင်းအကျိုးတော်ဆောင်အဖွဲ့ | ၁☐ ၂☑ ၃☐ | ၇ | ၅ | ၁၂ | ပညာရေး☑ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ကောင်း ☐<br>သင့် ☑<br>ညံ့ ☐ |
| ၆ | မိဘဆရာအသင်း | ၁☐ ၂☑ ၃☐ | ၇ | ၅ | ၁၂ | ပညာရေး☑ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ | ကောင်း ☐<br>သင့် ☑<br>ညံ့ ☐ |

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| | | | | | | လုံခြုံရေးနှင့် ကာကွယ်ရေး☐ | |
| ၇ | (SIP ) ကျောင်း ထောက်ပံ့ ရေးအဖွဲ့ | ၁☐ ၂☑ ၃☐ | ၅ | ၄ | ၉ | ပညာရေး☑ငွေကြေး☑<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ကောင်း ☐<br>သင့် ☑<br>ညံ့ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်ုပ်တို့ ကျေးရွာအတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၊ သာရေး/နာရေးအဖွဲ့၊ အပျို/လူပျိုအဖွဲ့၊ ဂေါပကအဖွဲ့၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ မိဘဆရာအသင်း၊ SPI (ကျောင်းထောက်ပံ့ရေးအဖွဲ့) စသည့် အဖွဲ့များရှိပါသည်။ ထိုအဖွဲ့များအနက် ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့မှာ စွမ်းဆောင်နိုင်မှုအကောင်းဆုံးဖြစ်ပြီး ကျေးရွာတွင် သက်ကြီးပူဇော်ပွဲများ ပြုလုပ်ခြင်း၊ ကိုယ်ဝန်သည်များအား အနီးပိုင်းများ ထောက်ပံ့ခြင်းနှင့် ငွေကြေး အသင့်အတင့် ထောက်ပံ့ခြင်း၊ ပညာရည်ချွန်သူများအား ဆုချီးမြှင့်ခြင်း၊ ဆင်းရဲသော အိမ်ထောင်စုများအား အိမ်သာဆောက်လုပ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးပါသည်။ ထိုအဖွဲ့သည် ရဲတံခွန်အဖွဲ့မှ မတည်ပေးခဲ့သောအဖွဲ့ဖြစ်ပြီး အဖွဲ့ဝင် အမျိုးသမီး(၆)ဦးပါဝင်ပါသည်။ ထို့အပြင် သာရေး/နာရေး အဖွဲ့မှာ အဖွဲ့ဝင်(၃၀)ဦးပါဝင်ပြီး ကျေးရွာ၏ သာရေး/နာရေး လူမှုဖွံ့ဖြိုးရေးကို အဓိကထား ဆောင်ရွက်ကာ စွမ်းဆောင်နိုင်မှု မြင့်မားပါသည်။ ထို့အပြင် ဂေါပကအဖွဲ့မှာ ဘာသာရေးကို အဓိကထား ဆောင်ရွက်ပြီး အပျို/လူပျိုအဖွဲ့မှာ သာရေး/နာရေးလူမှုဖွံ့ဖြိုးရေးကို ဆောင်ရွက်ကာ စွမ်းဆောင်ရည် အသင့်အတင့်ရှိပါသည်။ ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့် မိဘဆရာအသင်းမှာတို့တွင် ကျား (၇)ဦး နှင့် မ(၅)ဦးတို့ဖြင့် ဖွဲ့စည်းထားပြီး ပညာရေးကို အဓိကထား ဆောင်ရွက်ပေးပါသည်။ SPI (ကျောင်းထောက်ပံ့ရေးအဖွဲ့)မှာ အဖွဲ့ဝင်(၉)ဦးရှိပြီး ပညာရေးအပြင် ကျေးရွာ၏ ငွေကြေးလိုအပ်ချက်ရှိသော မိသားစုများအား အသင့်အတင့် ထောက်ပံ့ပေးပါသည်။ ထို့အပြင် ကျောင်း ထောက်ပံ့ရေး အဖွဲ့သည် တစ်နှစ်လျှင် နှစ်စဉ် ငွေကျပ်(၈၀၀၀၀၀)ထောက်ပံ့ပေးပြီး ပညာရေး လိုအပ်ချက်များကို ထောက်ပံ့ပေးလျက်ရှိပါသည်။ ထို့ကြောင့် ကျေးရွာအတွင်းရှိ လူထုအခြေပြုအဖွဲ့ အစည်းများသည် ကျေးရွာ၏ လိုအပ်ချက်များအား အဘက်ဘက်မှ ထောက်ပံ့ပေး လျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## (က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | **အဖွဲ့အစည်း အမျိုးအစား** (မှန်ရာတစ်ခုကိုသာ ရွေးရန်) | **အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ်** (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်) |
|---|---|---|---|
| ၁ | | ၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |
| ၂ | | ၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |
| ၃ | | ၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |
| ၄ | | ၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |
| ၅ | | ၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |
| ၆ | | ၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။**

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ –ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ–ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

**လေ့လာတွေ့ရှိချက်။** ။ သံလျှင်ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပ အဖွဲ့အစည်းများ မရှိပါ။ ထို့ကြောင့် ပြင်ပအကူအညီများ ရရှိစေရန်အတွက် NGO, INGO, Unicef, World Vision စသည့် နိုင်ငံခြားအဖွဲ့အစည်းများနှင့် ချိတ်ဆက်ရန် လိုအပ်နေကြောင်း လေ့လာ တွေ့ရှိရပါသည်။

## (ခ) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

### (ခ-၁) သီးနှံထုတ်လုပ်ရေး

### (၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|
| ၁ | မြေယာမဲ့ | ၃၆ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ကေအောက် | ၂၀ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ကေမှ ၅ ကေ ကြား | ၉ | တောင်သူငယ် |
| ၄ | ၅ ကေမှ ၁၂.၅ ကေ ကြား | ၁၅ | တောင်သူလတ် |
| ၅ | ၁၂.၅ ကေ အထက် | - | တောင်သူကြီး |
| ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း | | ၈၀ | ☒ |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ သံလျှင်ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုမှာ (၃၆)စုရှိပြီး ကျေးရွာ အိမ်ထောင်စု၏ (၄၅%)ခန့်ရှိပါသည်။ ထိုအိမ်ထောင်စုများသည် အများအားဖြင့် ကျပန်းအလုပ် သမားများဖြစ်ကြပါသည်။ ထို့အပြင် ကျေးရွာတွင် ဆင်းရဲသားတောင်သူ(၂၅%)၊ တောင်သူငယ် (၁၁.၂၅%)နှင့် တောင်သူလတ်(၁၈.၇၅%)တို့ရှိပြီး ၁၂.၅ကေအထက် တောင်သူကြီးများ မရှိပါ။ ရာသာလုပ်ငန်းနှင့် ကွမ်းသီးအား အဓိကထားစိုက်ပျိုးထားကြောင့် လေ့လာတွေ့ရှိရပါသည်။

### (၂) အစိုးရနှင့်ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

| စဉ် | အရင်းအမြစ် | ရေသောက် (ဧက) | ရေရရှိနိုင်မှု | |
|---|---|---|---|---|
| | | | တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်) |
| ၁ | ဆည် | | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐ မရှိ☐ မဖြေဆိုပါ☑ |
| ၂ | ရေလွှဲဆည် | | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐ မရှိ☐ မဖြေဆိုပါ☑ |
| ၃ | မြစ်ရေတင် စီမံကိန်း | | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐ မရှိ☐ မဖြေဆိုပါ☑ |

| စဉ် | အရင်းအမြစ် | ရေသောက် (ပေ) | ရေရရှိနိုင်မှု | |
|---|---|---|---|---|
| | | | တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်) |
| ၄ | ရေသွင်းမြောင်း | | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐ မရှိ☐ မဖြေဆိုပါ☑ |
| ၅ | အဝီစိတွင်း | | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐ မရှိ☐ မဖြေဆိုပါ☑ |
| ၆ | လက်ငင် ရေတွင်း | | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐ မရှိ☐ မဖြေဆိုပါ☑ |
| ၇ | စိမ့်စမ်းရေ | ၂.၀၀ | တစ်နှစ်ပတ်လုံး☑ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☑ မရှိ☐ မဖြေဆိုပါ☐ |
| ၈ | ချောင်းရေ | ၃.၀၀ | တစ်နှစ်ပတ်လုံး☑ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☑ မရှိ☐ မဖြေဆိုပါ☐ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ သံလျှင်ကျေးရွာတွင် စိုက်ပျိုးရေအရင်းအမြစ်အနေဖြင့် စိမ့်စမ်းရေနှင့် ချောင်းရေကိုသာ အသုံးပြုကြပြီး တစ်နှစ်ပတ်လုံးရေလုံလောက်စွာ ရရှိနိုင်ပါသည်။ စိမ့်စမ်းရေ ရေသောက်ပေမှာ (၂.၀၀)ပေရှိပြီး ချောင်းရေ(၃.၀၀)ပေရှိပါသည်။ ဆည်၊ ရေလွှဲဆည်၊ မြစ်ရေ တင်စီမံကိန်း၊ ရေသွင်းမြောင်း၊ အဝီစိတွင်း၊ လက်ငင်ရေတွင်း စသည့် ရေအရင်းအမြစ်များ မရှိ ပါကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်း စိုက်ဧက | တစ်ဧက အထွက်နှုန်း | | | | သီးနှံစိုက်ပျိုးသည့်ကာလ | | သွင်းအားစု လိုအပ်ချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အမြတ် ရရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | မှ | ထိ | | |
| ရာဘာ | ၅၀ | ပေါင် | ၁၀၀ | ၁၅၀ | ၁၂၀ | ေောက်တိုဘာ | ဖေ္ဖာ် | မြင့်☐လတ်☑နိမ့်☐ | မြင့်☐လတ်☑နိမ့်☐ |
| ကွမ်းသီး | ၂၅ | ပိဿာ | ၇၀၀ | ၁၅၀၀ | ၁၀၀၀ | ဇွန် | အောက်တိုဘာ | မြင့်☐လတ်☐နိမ့်☑ | မြင့်☐လတ်☐နိမ့်☑ |
| စပါး | ၂၁ | တင်း | ၄၀ | ၆၀ | ၅၀ | ဇွန် | အောက် | မြင့်☐လတ်☐နိမ့်☑ | မြင့်☐လတ်☐နိမ့်☑ |

| သီးနှံ | စုစုပေါင်း စိုက်ဧက | တစ်ဧက အထွက်နှုန်း | | | | သီးနှံစိုက်ပျိုးသည့်ကာလ | | သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | မှ | ထိ | | |
| | | | | | | | တို ဘာ | | |
| | | | | | | | | မြင့်☐လတ်☐နိမ့်☐ | မြင့်☐လတ်☐နိမ့်☐ |
| | | | | | | | | မြင့်☐လတ်☐နိမ့်☐ | မြင့်☐လတ်☐နိမ့်☐ |
| | | | | | | | | မြင့်☐လတ်☐နိမ့်☐ | မြင့်☐လတ်☐နိမ့်☐ |
| | | | | | | | | မြင့်☐လတ်☐နိမ့်☐ | မြင့်☐လတ်☐နိမ့်☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်ုပ်တို့ကျေးရွာတွင် အဓိကသီးနှံမှာ ရာဘာဖြစ်ပြီး စိုက်ပျိုးမြေ (၅၀)ဧက ရှိပါသည်။ အထွက်နှုန်းမှာ (၁)ဧကလျှင် အများဆုံး (၁၅၀)ပေါင်ထွက်ရှိပြီး အနည်းဆုံး (၁၀၀)ပေါင်ထွက် ရှိပါသည်။ ပျမ်းမျှအားဖြင့် (၁)ဧကလျှင် (၁၂၀)ပေါင်ထွက်ပြီး အမြတ်ရရှိနိုင်မှု အလယ်အလတ်ရှိပါသည်။ ရာဘာအား အောက်တိုဘာလမှ ဧပြီလအထိ လုပ်ကိုင်ကြပြီး သွင်းအားစု လိုအပ်ချက် အသင့်အတင့်ရှိပါသည်။ ဒုတိယစိုက်ပျိုးသီးနှံမှာ ကွမ်းသီးဖြစ်ပြီး အထွက်နှုန်း (၁)ဧကလျှင် (၇၀၀-၁၅၀၀)ပိဿာအထိ ထွက်ရှိပြီး အမြတ်ရရှိနိုင်မှုနိမ့်ပါသည်။ ထိုအပြင် အခြား သီးနှံ အဖြစ် စပါးကိုစိုက်ပျိုးကြပြီး (၁)ဧကလျှင် အနည်းဆုံး(၄၀) တင်းနှင့် အများဆုံး (၆၀)တင်း ရှိပါသည်။ ပျမ်းမျှအားဖြင့် (၅၀)တင်း ရှိပါသည်။ လယ်ယာမြေဧက (၃၀)ကျော်ရှိသော်လည်း (၂၁)ဧကသာ စိုက်ပျိုးနိုင်ပြီး (၉)ဧကမှာ တောင်ပြိုကျမှုကြောင့် မြေဆီလွှာပျက်စီးကာ မစိုက်ပျိုး နိုင်ပါ။ ထို့ကြောင့် ထို ပလပ်မြေ(၉)ဧကအား စိုက်ပျိုးရေးပြုလုပ်လာနိုင်အောင် ဆောင်ရွက်မည် ဆိုပါကစိုက်ပျိုးမြေဧကပိုလာကာ ဝမ်းစာဖူလုံမှုအတွက် အထောက်အကူပြုလာနိုင်မည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

| စက်အမျိုးအစား | တစ်ဦးချင်း ပိုင် | ရွာပိုင် | အဖွဲ့ပိုင် | ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက် |
|---|---|---|---|---|
| ထွန်စက် | - | - | - | ၁၅ |
| လက်တွန်းထွန်စက် | ၂ | - | - | - |
| အစေ့ချ ကိရိယာ | - | - | - | - |
| ရိတ်သိမ်းခြွေလှေ့စက် | - | - | - | ၁၀ |
| ရိတ်သိမ်းစက် | - | - | - | - |
| ခြွေလှေ့စက် | - | - | - | ၅ |

| စက်အမျိုးအစား | တစ်ဦးချင်း ပိုင် | ရွာပိုင် | အဖွဲ့ပိုင် | ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက် |
|---|---|---|---|---|
| ရေစုပ်စက် | ၅ | - | - | - |
| ခြေနင်းရေတင်စက် | - | - | - | - |
| မြက်ရိတ်စက် | ၂၂ | - | - | - |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ သံလျှင်ကျေးရွာတွင် ဆင်းရဲသားတောင်သူများသည့်အတွက် လယ်ယာသုံးစက်ကိရိယာများအား ငှါးရမ်းလုပ်ကိုင်သူ များပြားပါသည်။ ထွန်ယက်စိုက်ပျိုး ငှါးရမ်းခအား တစ်ကေလျှင် (၅၀၀၀၀)ကျပ်ပေးရပြီး စပါးရိတ်သိမ်းခအား (၁)ကေလျှင် (၆၅၀၀၀)ကျပ်ပေးဆောင်ရပါသည်။ စပါးစိုက်ပျိုးရာတွင် လယ်ကွင်းများတွင် ရေလျှံမှုများ ဖြစ်ပေါ်တတ်သဖြင့် ချောင်းမြောင်း(၁)မိုင်အား တူးဖော်ရန် လိုအပ်ပါသည်။ ထို့အပြင် တစ်ဦးချင်းပိုင် ရေစုပ်စက်(၅)လုံးရှိပြီး သဲထုတ်လုပ်ရေးအတွက် အသုံးပြုလျက်ရှိပါသည်။ ထို့ကြောင့် သံလျှင်ကျေးရွာတွင် စိုက်ပျိုးရေး သုံးကိရိယာများ အဆင်ပြေစေရေးတွက် လယ်ယာသုံးစက်ကိရိယာများအား အရစ်ကျစနစ်ဖြင့် ရောင်းချပေးနေသော မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ၊ ကုမ္ပဏီများ စသည်တို့နှင့် ချိတ်ဆက်ပြီး ဝယ်ယူမည်ဆိုပါက တောင်သူများအတွက် ပိုမိုအဆင်ပြေလာမည်ဖြစ်ပါသည်။

## (၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ရှင်းလင်းချက်<br>(မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက်စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသော အကွက်ကိုရွေးရန်။) |
|---|---|
| သဘာဝ ရေမြေရာသီဥတု အနေအထား | အလွန်ကောင်း☐ ကောင်း☑ သင့်တင့်မျှတ☐ မဖြေဆိုပါ☐ |
| လယ်ယာမြေ အသုံးချနိုင်မှု | အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☑ မဖြေဆိုပါ☐ |
| စိုက်ပျိုးရေ အရင်းအမြစ် | ပေါများ☐အသင့်အတင့်ရှိ☑မဖြေဆိုပါ☐ |
| ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု | အလွယ်တကူရသည်☐ ရသည်☑မဖြေဆိုပါ☐ |
| သီးနှံမျိုးစေ့ ရရှိနိုင်မှု | မျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာ ဝယ်ယူနိုင်သည်☐<br>သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည်☑မဖြေဆိုပါ☐ |
| သဘာဝမြေဆွေး / အော်ဂဲနစ် မြေသြဇာ နှင့် အခြား အော်ဂဲနစ် သွင်းအားစုများ | လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ဝယ်ယူရနိုင်သည်☑မဖြေဆိုပါ☐ |
| ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေသြဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ | လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ဝယ်ယူရနိုင်သည်☑မဖြေဆိုပါ☐ |
| လုပ်သားရရှိနိုင်မှု | အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည်☑မဖြေဆိုပါ ☐ |
| နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ | အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည်☐မဖြေဆိုပါ ☑ |

| အခွင့်အလမ်း | ဖော်ပြချက်/ရှင်းလင်းချက်<br>(မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက်စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကိုရွေးရန်။) |
|---|---|
| သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု | သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည်☐<br>သီးနှံများကို ရောင်းချနိုင်သည်☑မဖြေဆိုပါ ☐ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

**လေ့လာတွေ့ရှိချက်။** ။ သံလျှင်ကျေးရွာတွင် သဘာဝရေမြေရာသီဥတု အနေအထားမှာ ကောင်းသဖြင့် စိုက်ပျိုးရေး သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများရှိပါသည်။ လယ်ယာမြေအသုံးချနိုင်မှုမှာ အသင့်အတင့်ရှိပြီး စိုက်ပျိုးရေအရင်းအမြစ်လည်း အသင့်အတင့် ရှိပါသည်။ ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှုအနေဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ရရှိပါသည်။ သီးနှံမျိုးစေ့နှင့် သဘာဝမြေဆွေးများကို အသင့်အတင့် ဝယ်ယူနိုင်ပါသည်။ ထို့အပြင် ဓာတ်မြေဩဇာ အား ဝယ်ယူနိုင်သော်လည်း ဈေးနှုန်းမျှတမှုမရှိပါ။ကျေးရွာတွင် ကျပန်း အလုပ်သမားများ ပေါသဖြင့် လုပ်သားရရှိနိုင်သော်လည်း နည်းပညာနှင့် ဝန်ဆောင်မှုများ မရရှိပါ။ သီးနှံများအား ရောင်းချရန် ဈေးကွက်ရှိပါသည်။ ထို့ကြောင့် သံလျှင်ကျေးရွာသည် စိုက်ပျိုးမြေအသင့်အတင့်ရှိပြီး စိုက်ပျိုးရေး လုပ်ငန်း လုပ်ကိုင်သူ အသင့်အတင့် ရှိသဖြင့် စိုက်ပျိုးရေးနှင့် ပတ်သက်သည့် အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ပေးမည်ဆိုပါက သီးနှံအထွက် နှုန်းတိုးလာနိုင်ပြီး အကျိုးအမြတ် ပိုမို ရရှိ လာပါမည်။

## (၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

| ပြဿနာနှင့်အခက်အခဲများ | ဖော်ပြချက်/ရှင်းလင်းချက်<br>(အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။) |
|---|---|
| သဘာဝ ရေမြေရာသီဥတု အနေအထား | မြေဆီဩဇာမကောင်း☐ ရာသီဥတုမမှန်☐ မဖြေဆိုပါ☑ |
| လယ်ယာမြေ အသုံးချနိုင်မှု | လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ☑<br>လယ်ယာမြေဆုံးရှုံးမှုများသည်☐<br>လယ်ယာမြေဆုံးရှုံးမှု အသင့်အတင့်ရှိသည်☐<br>ပလပ်မြေများရှိသည်☐<br>ပလပ်မြေအသင့်အတင့်ရှိသည်☐ မဖြေဆိုပါ☐ |
| စိုက်ပျိုးရေ အရင်းအမြစ် | အလွယ်တကူမရနိုင်☑ လုံးဝမရ☐ မဖြေဆိုပါ☐ |
| ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု | အလွယ်တကူမရနိုင်☑ လုံးဝမရ☐ မဖြေဆိုပါ☐ |
| သီးနှံမျိုးစေ့ ရရှိနိုင်မှု | အလွယ်တကူမရနိုင်☑ လုံးဝမရ☐ မဖြေဆိုပါ☐ |

| ပြဿနာနှင့်အခက်အခဲများ | ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသော အကွက်ကို ရွေးရန်။) |
|---|---|
| သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ | အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐မဖြေဆိုပါ ☐ |
| ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ | အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ မဖြေဆိုပါ ☐ |
| လုပ်သားရရှိနိုင်မှု | အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ မဖြေဆိုပါ ☐ |
| နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ | အလွယ်တကူမရနိုင် ☐ လုံးဝမရ ☑ မဖြေဆိုပါ ☐ |
| သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု | သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ☑<br>သီးနှံများကိုရောင်းချရန်ဈေးကွက်မရှိပါ☐မဖြေဆိုပါ ☐ |
| ဖျက်ပိုးနှင့် ရောဂါကျရောက်မှု | ဆိုးရွားစွာကျ☐ အသင့်အတင့်ကျ☑အနည်းငယ်☐ မဖြေဆိုပါ☐ |

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

**လေ့လာတွေ့ရှိချက်။** ။ သံလျှင်ကျေးရွာတွင် သဘာဝ ရေမြေရာသီဥတု အနေအထားနှင့် ပတ်သက်၍ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ မရှိပါ။ လယ်ယာ မြေတိုးချဲ့နိုင်မှု အနေဖြင့် ပလပ်မြေများ၏ မြေဆီလွှာအရည်အသွေးမှာ မကောင်းသဖြင့် စိုက်ပျိုးမြေတိုးချဲ့နိုင်မှု မရှိပါ။ စိုက်ပျိုးရေ အရင်းအမြစ်အနေဖြင့် မြေအောက်ရေကိုသာ အဓိကထား အသုံးပြုကြသဖြင့် အလွယ်တကူ မရရှိနိုင်ပါ။ ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှုအနေဖြင့် မြန်မာ့လယ်ယာ ဖွံ့ဖြိုးမှုဘဏ် တစ်ခုသာ ရရှိပြီး အခြားချေးငွေများ မရရှိပါ။ သီးနှံမျိုးစေ့၊ သဘာဝမြေဆွေး၊ ဓာတ်မြေဩဇာများအား ဝယ်ယူနိုင်သော်လည်း အလွယ်တကူ မရရှိနိုင်ပါ။ သီးနှံများအား ဈေးကွက်တွင် ရောင်းချနိုင်သော်လည်း ဈေးနှုန်းမှန်ကန်မှု မရှိပါ။ ထို့အပြင် စပါးထွက်ချိန်၌ လောင်မီးပိုးများ ကျရောက်ခြင်း၊ အရွက်စား ပိုးများကျရောက်ခြင်းတို့ ရှိတတ်ပါသည်။

## (ခ–၂) မွေးမြူရေးလုပ်ငန်း

### (၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသောအိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေး** | | |
| နွား | ၁၅ | ၅၇ |
| နို့စားနွား | – | – |
| ကျွဲ | – | – |

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသောအိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| မြင်း | - | - |
| မြည်း | - | - |
| လား | - | - |
| ဆိတ် | - | - |
| သိုး | - | - |
| ဝက် | ၄ | ၁၉ |
| ကြက် | ၆၂ | ၇၅၈ |
| ဘဲ | ၃ | ၂၄ |
| နွားနောက် | | |
| **ငါးလုပ်ငန်း** | | |
| ငါးကန် | | - |
| ပုဇွန်ကန် | | - |
| ဂဏန်း မွေးမြူရေးလုပ်ငန်း | | - |
| ရေချို ငါးဖမ်းလုပ်ငန်း | | - |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | ၁၄ | - |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်ုပ်တို့ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းအား စီးပွားအဖြစ် မွေးမြူကြသူများ ရှားပါးပြီး တစ်နိုင်တစ်ပိုင်အဖြစ်သာ မွေးမြူကြပါသည်။ နွားမွေးမြူသူ ဦးရေ(၁၅) အိမ်ထောင်စုရှိပြီး (၅၇)ကောင်ရှိပါသည်။ ထို့အပြင် ဝက်မွေးမြူသူ(၄)ဦး၊ ကြက်မွေးမြူသူ(၆၂)ဦးနှင့် ဘဲမွေးမြူသူ(၃)ဦးလည်းရှိပါသည်။ အိမ်ထောင်စု(၈၀)ရှိသည့်အနက် (၆၂)အိမ်ထောင်စုသည် ကြက်မွေးမြူ သည့်အတွက် ကျွန်ုပ်တို့ကျေးရွာတွင် ကြက်အား အိမ်တိုင်းလိုလို တစ်နိုင်တစ်ပိုင် မွေးမြူလျက်ရှိကြောင်း တွေ့ရှိရပါသည်။မွေးမြူထားသော ကြက်၊ဝက်၊နွားများအား ရောင်းချရန် ရောင်းချရန် လွယ်ကူပါသည်။ မွေးမြူရေးလုပ်ငန်းများအား တိုးချဲ့လုပ်ကိုင်ရန် မြေယာများရှိ သော်လည်း မွေးမြူရေး နည်းပညာများ မရရှိသဖြင့် အခက်အခဲရှိပါသည်။ ထို့အပြင် ကမ်းလွန်ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူ(၁၄)ဦးရှိပြီး ကိုယ်ပိုင်မဟုတ်ဘဲ အလုပ်သမားများသာဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့ကျေးရွာတွင် အပိုဝင်ငွေများ ရရှိစေရန်အတွက် မွေးမြူရေးနည်းပညာပေး သင်တန်းများ ဖွင့်လှစ်ပေးရန်နှင့် မျိုးကောင်းမျိုးသန့်များရရှိရန်လိုအပ်လျက်ရှိကြောင်း လေ့လာတွေ့ရှိရပါ သည်။

### (၂) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | **ဖော်ပြချက်/ ရှင်းလင်းချက်** (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၂၀ နှင့် ၂၁ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။) |
|---|---|
| **မွေးမြူရေး** | |
| စားကျက်မြေ | ပေါ်များ ☐ အသင့်အတင့်☑ မဖြေဆိုပါ ☐ |
| ရေရရှိမှု | အလုံအလောက်ရနိုင်☑ အသင့်အတင့်ရနိုင်☐ မဖြေဆိုပါ ☐ |

| အခွင့်အလမ်း | **ဖော်ပြချက်/ ရှင်းလင်းချက်** (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၂၀ နှင့် ၂၁ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။) |
|---|---|
| မျိုးတိရစ္ဆာန် လက်လှမ်းမီမှု | မျိုးကောင်းတိရစ္ဆာန်များ လွယ်ကူစွာဝယ်ယူ ရနိုင် ☐<br>မျိုးကောင်းတိရစ္ဆာန်များ အသင့်အတင့်ဝယ်ယူ ရနိုင်☑ မဖြေဆိုပါ☐ |
| ချေးငွေ | ချေးငွေလွယ်ကူစွာရနိုင်☐ ချေးငွေ အသင့်အတင့်ရနိုင်☑<br>မဖြေဆိုပါ☐ |
| သွင်းအားစု (မွေးမြူရေး အစာ၊ဆေးစသည်)ဈေးကွက် | သွင်းအားစုများ လွယ်ကူစွာ ဝယ်ယူနိုင်သည် ☐<br>သွင်းအားစုများ ဝယ်ယူနိုင်သည် ☑ မဖြေဆိုပါ ☐ |
| ဝန်ဆောင်မှု နှင့် နည်းပညာပံ့ပိုးမှု | နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ အလွယ်တကူရနိုင်သည်။ ☐<br>နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ ရနိုင်သည်။ ☑<br>မဖြေဆိုပါ ☐ |
| ထုတ်ကုန် ရောင်းဝယ်မှု | ထုတ်ကုန်များကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည်☐<br>ထုတ်ကုန်များကို ရောင်းချနိုင်သည် ☑ မဖြေဆိုပါ ☐ |
| အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု | အလုံအလောက်ရှိသည်☐ အသင့်အတင့်ရှိသည်☑ မဖြေဆိုပါ☐ |
| **ငါးလုပ်ငန်း** | |
| ငါး/ပုဇွန်မွေးမြူရန် ရေမြေအနေအထား | အလွန်ကောင်း ☐ ကောင်း ☐ သင့်တင့်မျှတ ☑ မဖြေဆိုပါ ☐ |
| ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု | လိုသလောက် လွယ်ကူစွာ ဝယ်ယူရရှိနိုင်သည်☐ ဝယ်ယူရနိုင်သည် ☑<br>မဖြေဆိုပါ ☐ |
| ချေးငွေ | လိုသလောက် လွယ်ကူစွာ ချေးငွေရရှိနိုင်သည်☐ ချေးငွေရနိုင်သည် ☑<br>မဖြေဆိုပါ ☐ |
| သွင်းအားစု လက်လှမ်းမီမှု | သွင်းအားစုများ လွယ်ကူစွာ ဝယ်ယူနိုင်သည် ☐<br>သွင်းအားစုများ ဝယ်ယူနိုင်သည် ☑ မဖြေဆိုပါ ☐ |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ အလွယ်တကူရနိုင်သည်။ ☐<br>နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ ရနိုင်သည်။ ☐<br>မဖြေဆိုပါ☑ |
| ထုတ်ကုန် ရောင်းဝယ်မှု | ထုတ်ကုန်များကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည်☐<br>ထုတ်ကုန်များကို ရောင်းချနိုင်သည် ☑ မဖြေဆိုပါ☐ |
| ငါးဖမ်းခွင့် ရရှိနိုင်မှု | လွယ်ကူသည်☐ အသင့်အတင့် လွယ်ကူသည် ☑ မဖြေဆိုပါ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ သံလျှင်ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းတိုးတက်စေရန်အတွက် အခွင့်အလမ်းများ အနေဖြင့် စားကျက်မြေအသင့်အတင့်ရှိပြီး ရေလည်းလုံလောက်စွာ ရရှိနိုင်ပါသည်။ မျိုးတိရစ္ဆာန်များ၊ သွင်းအားစုများ အသင့်အတင့်ဝယ်ယူနိုင်သော်လည်း နည်းပညာဝန်ဆောင်မှုများ မရရှိနိုင်ပါ။ ထို့အပြင် မွေးမြူထားသော တိရစ္ဆာန်များအား လွယ်ကူစွာ ရောင်းနိုင်သော်လည်း ဈေးကောင်း မရရှိပါ။ မွေးမြူရေးလုပ်ငန်းအား တိုးချဲ့ရန် မြေနေရာ အသင့်အတင့်ရှိပါသည်။

ထို့ကြောင့် သံလျှင်ကျေးရွာတွင် ဈေးနှုန်းမှန်ကန်စွာရောင်းချနိုင်ရန် ဈေးကွက်များအား ချိတ်ဆက်ရန်နှင့် နည်းပညာများ ရရှိစေရန် မွေးမြူရေးဆိုင်ရာနည်းပညာပေးသင်တန်းများ လိုအပ်လျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

### (၃) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၁) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| **ပြဿနာနှင့်အခက်အခဲများ** | **ဖော်ပြချက်/ ရှင်းလင်းချက်** (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။ဇယား ၂၀ နှင့် ၂၁ ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။) |
|---|---|
| **မွေးမြူရေး** | |
| စားကျက်မြေ | စားကျက်မြေ ရှားပါးသည် ☐စားကျက်မြေ လုံးဝမရှိပါ ☐ မဖြေဆိုပါ ☑ |
| ရေရရှိမှု | ရေ ရှားပါးသည်☐ ရေ လုံးဝမရှိပါ☐ မဖြေဆိုပါ ☑ |
| မျိုးတိရစ္ဆာန် လက်လှမ်းမီမှု | မျိုးကောင်းတိရစ္ဆာန်များ လွယ်ကူစွာဝယ်ယူ မရနိုင်ပါ ☑<br>မျိုးကောင်းတိရစ္ဆာန်များ လုံးဝ ဝယ်ယူ မရပါ ☐ မဖြေဆိုပါ ☐ |
| ချေးငွေ | ချေးငွေလွယ်ကူစွာ မရနိုင်ပါ ☑ ချေးငွေ လုံးဝ မရပါ ☐ မဖြေဆိုပါ ☐ |
| သွင်းအားစု (မွေးမြူရေး အစာ၊ ဆေး စသည်) ဈေးကွက် | သွင်းအားစုများ လွယ်ကူစွာ ဝယ်ယူ မရနိုင်ပါ ☐<br>သွင်းအားစုများ လုံးဝ ဝယ်ယူမရပါ ☐ မဖြေဆိုပါ ☑ |
| ဝန်ဆောင်မှုနှင့် နည်းပညာ ပံ့ပိုးမှု | နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ အလွယ်တကူ မရနိုင်ပါ☐<br>နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ မရပါ☑ မဖြေဆိုပါ ☐ |
| ထုတ်ကုန် ရောင်းဝယ်မှု | ထုတ်ကုန်များကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ ☑<br>ထုတ်ကုန်များကို မရောင်းချနိုင်ပါ ☐ မဖြေဆိုပါ☐ |
| အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု | အလုံအလောက်မရှိပါ ☑ လုံးဝ မရှိပါ ☐မဖြေဆိုပါ☐ |
| **ငါးလုပ်ငန်း** | |
| ငါး/ပုဇွန်မွေးမြူရန် ရေမြေအနေအထား | ရေမြေအနေအထား မကောင်းပါ ☐ မဖြေဆိုပါ ☑ |
| ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု | လိုသလောက် လွယ်ကူစွာ ဝယ်ယူမရပါ ☑ လုံးဝ ဝယ်ယူမရပါ ☐<br>မဖြေဆိုပါ ☐ |
| ချေးငွေ | လိုသလောက် လွယ်ကူစွာ ချေးငွေမရပါ ☑ လုံးဝ ချေးငွေမရပါ ☐<br>မဖြေဆိုပါ ☐ |
| သွင်းအားစု လက်လှမ်းမီမှု | သွင်းအားစုများ လွယ်ကူစွာ ဝယ်ယူမရပါ ☑ သွင်းအားစုများ ဝယ်ယူမရပါ ☐<br>မဖြေဆိုပါ ☐ |
| နည်းပညာ အကူ အညီနှင့် နည်းလမ်းများ | နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများအလွယ်တကူ မရပါ☐<br>နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ မရပါ☑ မဖြေဆိုပါ ☐ |
| ထုတ်ကုန် ရောင်းဝယ်မှု | ထုတ်ကုန်များကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ ☑<br>ထုတ်ကုန်များကို လုံးဝ မရောင်းချနိုင်ပါ ☐ မဖြေဆိုပါ ☐ |
| ငါးဖမ်းခွင့် ရရှိနိုင်မှု | မလွယ်ကူပါ ☐ မဖြေဆိုပါ ☑ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၂) မြို့နယ် မွေး/ကု ဦးစီးဌာန၊ မြို့နယ်

ငါးလုပ်ငန်း ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ သံလျှင်ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်နေသော အုပ်စုများ၏ အဟာန့်အတားစိန်ခေါ်မှုများ အနေဖြင့် မျိုးကောင်းမျိုးသန့်တိရစ္ဆာန်များအား ဝယ်ယူရန် ခက်ခဲပါသည်။ ထို့အပြင် မွေးမြူရေးလုပ်ငန်းများအား တိုးချဲ့ရန်အတွက် ချေးငွေရရှိနိုင်မှုမှာ ခက်ခဲပြီး အပေါင်ပစ္စည်းတစ်စုံတစ်ရာရှိမှသာ အဆင်ပြေပါသည်။ မွေးမြူရေးနှင့် ပတ်သက်သော နည်းပညာ ပံ့ပိုးမှုများအား မရရှိနိုင်သည့်အပြင် အိမ်ခြံဝင်းအတွင်း မွေးမြူရန် မြေနေရာလုံလောက်မှုမရှိပါ။ ထုတ်ကုန်များကိုလည်း ဈေးနှုန်းမှန်ကန်စွာရောင်းချနိုင်မှု မရှိပါ။ ထို့အပြင် ငါး/ပုစွန်များ မွေးမြူရန် သားပေါက်များအား လွယ်ကူစွာ မရနိုင်ပါ။ထိုကြောင့် ကျွန်ုပ်တိုကျေးရွာရှိ မွေးမြူရေး လုပ်ငန်း လုပ်ကိုင်နေသော မိသားစုများအတွက် အတိုးနှုန်းသက်သာသော ချေးငွေများ၊ နည်းပညာ များ လိုအပ်လျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## (ခ-၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

### (၁) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | **ဖော်ပြချက်/ ရှင်းလင်းချက်**(<u>မှန်ရာတစ်ခုကိုသာ</u> ရွေးရန်။ ဇယား ၂၂ နှင့် ၂၃ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသော အကွက်ကို ရွေးရန်။) |
|---|---|
| လုပ်သားအင်အား ရရှိနိုင်မှု | များ ☐ အသင့်အတင့် ☑ မဖြေဆိုပါ ☐ |
| လယ်ယာသားငါး ထွက်ကုန် မဟုတ်သော အခြားဒေသထွက်ကုန်များကို ရောင်းချရန် ဈေးကွက်ရှိခြင်း | ဈေးကွက်ကောင်းရှိသည် ☐ ဈေးကွက် အသင့်အတင့်☑ မဖြေဆိုပါ ☐ |
| ဈေးကွက်ဆိုင်ရာ အသိအမြင်ရှိခြင်း | ဈေးကွက်အခြေအနေကို ကောင်းစွာနားလည် သိရှိသည် ☐ အသင့်အတင့် နားလည်သည် ☑ မဖြေဆိုပါ ☐ |
| လမ်းပန်းဆက်သွယ်ရေးအခြေအနေ | ကောင်း ☐ သင့် ☑ မဖြေဆိုပါ ☐ |
| ကုန်ကြမ်း ရရှိနိုင်ခြင်း | ပေါများ ☐ သင့် ☑ မဖြေဆိုပါ ☐ |
| လျှပ်စစ်မီး ရရှိနိုင်ခြင်း | ကောင်း ☐ သင့် ☑ မဖြေဆိုပါ ☐ |
| ချေးငွေ ရရှိနိုင်ခြင်း | လိုသလောက် လွယ်ကူစွာ ချေးငွေရရှိနိုင်သည်☐ ချေးငွေရနိုင်သည်☑မဖြေဆိုပါ☐ |
| အသက်မွေးဝမ်းကျောင်းနည်းပညာ ဆိုင်ရာနှင့် အသေးစား/အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှု ရရှိခြင်း | နည်းပညာနှင့် အသေးစား/အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာ ဝန်ဆောင်မှုများ အလွယ်တကူရနိုင်သည်။ ☐ နည်းပညာနှင့် အသေးစား/အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာ ဝန်ဆောင်မှုများ ရနိုင်သည်။ ☐ မဖြေဆိုပါ ☑ |
| အလုပ်နှင့် လိုက်လျောညီထွေဖြစ်သော (သို့မဟုတ်) အသက်မွေးဝမ်းကျောင်းပြုနိုင်သော ပညာတစ်ခုခုကို တတ်မြောက်ခြင်း | ကျွမ်းကျင်စွာ တတ်မြောက်သည် ☐ အသင့်အတင့် ☑ မဖြေဆိုပါ☐ |

| အခွင့်အလမ်း | **ဖော်ပြချက်/ ရှင်းလင်းချက်**(<u>မှန်ရာတစ်ခုကိုသာ</u> ရွေးရန်။ ဇယား ၂၂ နှင့် ၂၃ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။) |
|---|---|
| အလုပ်အကိုင် အခွင့်အလမ်း | များ ☐ အသင့်အတင့် ☑ မဖြေဆိုပါ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ သံလျှင်ကျေးရွာတွင် စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သော အသက်မွေး လုပ်ငန်းများအတွက် အခွင့်အလမ်းများအတွက် လုပ်သားရရှိနိုင်မှုမှာ အသင့်အတင့်ရှိပြီး ထုတ်ကုန်များရောင်းချရန် ဈေးကွက်ရှိပါသည်။ ထို့အပြင် လမ်းပန်းဆက်သွယ်ရေး၊ ကုန်ကြမ်းရရှိမှု၊ လျှပ်စစ်မီး ရရှိနိုင်မှုတို့မှာ အသင့်အတင့်ရှိပါသည်။ ချေးငွေ ရရှိနိုင်မှုမှာ ဆွေမျိုးများထံတွင် (၁–၅)% အကြား အပေါင်ပစ္စည်း တစ်စုံတစ်ရာဖြင့် ချေးနိုင်ပါသည်။ အသက်မွေးဝမ်းကျောင်းနှင့် ဝန်ဆောင်မှုများအား မရရှိနိုင်သည့်အပြင် အလုပ်အကိုင်အခွင့်အလမ်းမှာ အသင့်အတင့်ရှိပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့ကျေးရွာရှိ စိုက်မွေးမဟုတ်သောအုပ်စုများ စားဝတ်နေရေး အဆင်ပြေစေရေး အတွက် စက်ရုံ၊အလုပ်ရုံများ၊ အသက်မွေးဝမ်းကျောင်း ပညာပေးသင်တန်းများ ဖွင့်လှစ်ပေးမည် ဆိုပါက ပိုမိုအဆင်ပြေလာပါမည်။

### (၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက်ပြဿနာနှင့် အခက်အခဲများ

ဇယား (၂၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့်အခက် အခဲများ

| ပြဿနာနှင့်အခက်အခဲများ | **ဖော်ပြချက်/ ရှင်းလင်းချက်**(<u>အနည်းဆုံးတစ်ခုနှင့်အထက်</u>ရွေးနိုင်သည်။ဇယား ၂၀ နှင့် ၂၁ ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက "မဖြေဆိုပါ"ဟူသောအကွက်ကိုရွေးရန်။) |
|---|---|
| လုပ်သားအင်အား ရရှိနိုင်မှု | ရှားပါး ☑ လုံးဝမရှိ ☐ မဖြေဆိုပါ ☐ |
| လယ်ယာသားငါး ထွက်ကုန်မဟုတ်သော အခြား ဒေသထွက်ကုန်များကို ရောင်းချရန် ဈေးကွက်ရှိခြင်း | ဈေးကွက်မကောင်း ☑ ဈေးကွက်မရှိ ☐ မဖြေဆိုပါ ☐ |
| ဈေးကွက်ဆိုင်ရာ အသိအမြင်ရှိခြင်း | ဈေးကွက်အခြေအနေကို ကောင်းစွာ နားမလည် ☑<br>လုံးဝ နားမလည် ☐ မဖြေဆိုပါ ☐ |
| လမ်းပန်းဆက်သွယ်ရေးအခြေအနေ | ညံ့ ☐ အလွန်ညံ့ ☐ မဖြေဆိုပါ ☑ |
| ကုန်ကြမ်း ရရှိနိုင်ခြင်း | ကုန်ကြမ်းရရှိမှု နည်းသည် ☑ ကုန်ကြမ်း မရှိပါ ☐ မဖြေဆိုပါ ☐ |
| လျှပ်စစ်မီး ရရှိနိုင်ခြင်း | ပုံမှန်မရပါ ☑ လုံးဝ မရပါ☐ မဖြေဆိုပါ ☐ |
| ချေးငွေ ရရှိနိုင်ခြင်း | လိုသလောက် လွယ်ကူစွာ ချေးငွေမရရှိပါ ☑ ချေးငွေမရပါ ☐<br>မဖြေဆိုပါ ☐ |
| အသက်မွေးဝမ်းကျောင်းနည်းပညာ ဆိုင်ရာ နှင့် အသေးစား/အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ | နည်းပညာနှင့် အသေးစား/အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုး တက်မှုဆိုင်ရာ ဝန်ဆောင်မှုများ အလွယ်တကူ မရပါ☐<br>နည်းပညာနှင့် အသေးစား/အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက် |

| ပြဿနာနှင့်အခက်အခဲများ | **ဖော်ပြချက်/ ရှင်းလင်းချက်**(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။ဇယား ၂၀ နှင့် ၂၁ ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက "မဖြေဆိုပါ"ဟူသောအကွက်ကိုရွေးရန်။) |
|---|---|
| ဝန်ဆောင်မှု ရရှိခြင်း | မှုဆိုင်ရာ ဝန်ဆောင်မှုများ လုံးဝ မရပါ☑ မဖြေဆိုပါ ☐ |
| အလုပ်နှင့် လိုက်လျောညီထွေ ဖြစ်သော (သို့မဟုတ်) အသက်မွေး ဝမ်းကျောင်းပြုနိုင်သော ပညာတစ်ခုခုကို တတ်မြောက်ခြင်း | ကျွမ်းကျင်စွာ တတ်မြောက်ခြင်း မရှိ ☑ လုံးဝ မတတ် ☐ မဖြေဆိုပါ ☐ |
| အလုပ်အကိုင် အခွင့်အလမ်း | အလုပ်အကိုင်အခွင့်အလမ်းနည်း ☑<br>အလုပ်အကိုင် အခွင့်အလမ်း မရှိ ☐ မဖြေဆိုပါ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ သံလျှင်ကျေးရွာတွင် စိုက်မွေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် လုပ်သားအင်အား ရရှိနိုင်မှု ရှားပါးပါသည်။ ထို့အပြင် ဒေသထွက် ထုတ်ကုန်များကို ရောင်းချရန် ဈေးကွက်ရှိသော်လည်း ဈေးနှုန်းမှန်ကန်မှု မရှိသည့်အပြင် ဈေးကွက်ဆိုင်ရာအသိအမြင်များကိုလည်း ကောင်းစွာနားမလည်ပါ။ ကုန်ကြမ်းရရှိနိုင်မှုမှာ နည်းပြီး လျှပ်စစ်မီးအား အချိန်မှန်မရရှိသဖြင့် အသေးစားလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အခက်အခဲရှိပါသည်။ ချေးငွေများအား အပေါင်ပစ္စည်းတစ်စုံတစ်ရာရှိမှသာ ချေးနိုင်ပြီးလိုသလောက်မရရှိပါ။ အသက်မွေးဝမ်းကျောင်း နည်းပညာဆိုင်ရာဝန်ဆောင်မှုများအား လုံးဝမရရှိနိုင်သည့်အပြင် အသက်မွေးဝမ်းကျောင်းပြုနိုင်သော ပညာတစ်ခုခုကိုလည်း ကျွမ်းကျင်စွာ တတ်မြောက်မှုမရှိသဖြင့် အလုပ်အကိုင် အခွင့်အလမ်း နည်းပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့ကျေးရွာရှိ စိုက်မွေးမဟုတ်သော အုပ်စုများ စားဝတ်နေရေး အဆင်ပြေစေရေးအတွက် စက်ရုံ၊ အလုပ်ရုံများ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာများ ပံ့ပိုးရန် လိုအပ်နေပါသည်။

## (ဂ) ရွှေ့ပြောင်းလုပ်သားများ

### (ဂ-၁) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား (၂၄) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

| # | ပုံစံ | အိမ်ထောင်စုအရေအတွက် | ပြည်တွင်း | | | ပြည်ပ | | | လူဦးရေ | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| ၁ | "ရွှေ့ပြောင်းသွားလာ နေထိုင်သူ"တစ်ဦး အနည်းဆုံးရှိသော | ၅၀ | ၇ | ၃ | ၁၀ | ၄၆ | ၄၁ | ၈၇ | ၅၃ | ၄၄ | ၉၇ |

| # | ပုံစံ | အိမ်ထောင်စု အရေ အတွက် | ပြည်တွင်း | | | ပြည်ပ | | | လူဦးရေ | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| | အိမ်ထောင်စုနှင့်လူဦးရေ | | | | | | | | | | |
| ၂ | ကျေးရွာပြင်ပသို့ ရွှေ့ပြောင်းမှုကာလ | | | | | | | | | | |
| | ၃ လ အထိ | | ၃ | ၂ | ၅ | ၆ | ၇ | ၁၃ | ၉ | ၉ | ၁၈ |
| | ၆ လ အထိ | | ၄ | ၁ | ၅ | ၂ | ၂ | ၄ | ၆ | ၃ | ၉ |
| | ၁၂ လ အထိ | | - | - | - | - | ၁ | ၁ | - | ၁ | ၁ |
| | ၁၂ လ အထက် | | - | - | - | ၃၇ | ၃၂ | ၆၉ | ၃၇ | ၃၂ | ၆၉ |

ရင်းမြစ် …(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - စိုက်ပျိုးမွေးမြူရေး မဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**မှတ်ချက်။** ။ရွှေ့ပြောင်းသွားလာခြင်း၏ တရားဝင်မှု မဝင်မှု၊ ရွှေ့ပြောင်းသွားလာသူ၏ သဘောဆန္ဒ ပါမှု မပါမှု စသည်ဖြင့် မခွဲခြားဘဲ၊ ကြာမြင့်ချိန် အနည်းအများ မကန့်သတ်ဘဲ၊ မည်သည့် အကြောင်းအရင်းကြောင့် ရွှေ့ပြောင်းသွားလာရသည် ဖြစ်စေကာမူ မူလဌာနေဒေသတစ်ခုမှ နိုင်ငံခြားသို့ဖြစ်စေ၊ ပြည်တွင်း တစ်နယ်တစ်ကြေးသို့ဖြစ်စေ ရွှေ့ပြောင်းသွားလာနေထိုင်သူတိုင်းကို **"ရွှေ့ပြောင်းသွားလာနေထိုင်သူ"** ဟု သတ်မှတ်သည်။ ယခင်က ရွှေ့ပြောင်းသွားလာနေထိုင်ခဲ့စေကာမူ ယခုလက်ရှိကာလတွင် မူလဌာနေတွင် ပြန်လည်အခြေချနေထိုင်လျှက်ရှိသူများသည် ဤဇယားတွင် အကျုံးမဝင်ပါ။ ယခုလတ်တလောတွင် ခရီးယာယီသွားနေသူများသည်လည်း ဤဇယားတွင် အကျုံးမဝင်ပါ။

**လေ့လာတွေ့ရှိချက်။** ။ သံလျှင်ကျေးရွာတွင် အိမ်ထောင်စု(၈၀)စုရှိသည့်အနက် (၅၀) အိမ်ထောင်စုသည် ပြည်တွင်းပြည်ပသို့ ရွှေ့ပြောင်းသွားလာ နေထိုင်သည့် အိမ်ထောင်စုများဖြစ်ပါသည်။ ရွှေ့ပြောင်းသွားသူ အများစုသည် အလုပ်ဝင်ငွေအတွက် သွားရောက်သူများ ဖြစ်ပါသည်။ ပြည်ပ ရွှေ့ပြောင်းသွားလာသူ (၈၇)ဦးရှိပြီး ထိုင်းနိုင်ငံသို့ သွားရောက်သူများပါသည်။ ရွှေ့ပြောင်း လုပ်သား များ အနက် ၁၂လအထက် သွားလာသူများမှာ အများဆုံးဖြစ်ပြီး (၆၉)ဦးရှိပါသည်။ ထိုနိုင်ငံတွင် အများအားဖြင့် ပန်းရံ၊ ဈေးရောင်း၊ ရာဘာလုပ်ငန်းများကို လုပ်ကိုင်ကြပြီး မိသားစုစားဝတ် နေရေး အတွက် ထောက်ပံ့ရပါသည်။ ကျေးရွာရှိ အိမ်ထောင်စု၏(၆၂.၅%)သည် ရွှေ့ပြောင်းလုပ်သားများဖြစ် သဖြင့် ဒေသအတွင်း စက်ရုံ၊ အလုပ်ရုံများ ပြုလုပ်ပေးမည်ဆိုပါက ကျေးရွာအတွက် လွန်စွာပင် အထောက်အကူပြုမည်ဖြစ်ပါသည်။

## (ဂ-၂)ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

ဇယား (၂၅) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

| စဉ် | အကြောင်းရင်း | လူဦးရေ |
|---|---|---|
| ၁ | ပိုမိုကောင်းမွန်သော အလုပ်အကိုင်နှင့် ဝင်ငွေ အခွင့်အလမ်းများ ရှာဖွေရန် | ၈၆ |
| ၂ | နိုင်ငံရေးနှင့်ဆိုင်သော အကြောင်းရင်း | |
| ၃ | ဒေသတွင်း ပဋိပက္ခဖြစ်ပွားမှုကြောင့် လုံခြုံမှု မရှိသည့် အကြောင်းရင်း | - |
| ၄ | လူမှုရေး၊ ကျန်းမာရေး ကိစ္စများကြောင့် (social protection, health) | - |

| စဉ် | အကြောင်းရင်း | လူဦးရေ |
|---|---|---|
| ၅ | အမျိုးအမည် ခွဲခြားမဖော်ပြနိုင် (သို့မဟုတ်) အကြောင်းအရင်းကို ဖြေဆိုထားခြင်း/ဖြေဆိုလိုခြင်းမရှိ | - |

ရင်းမြစ် ... အိမ်ထောင်စုစာရင်း ကောက်ယူမှု။ ၁

**လေ့လာတွေ့ရှိချက်။** ။ သံလျှင်ကျေးရွာတွင် ရွှေ့ပြောင်းသွဦးလာခြင်း၏ အဓိကအကြောင်းအရင်းများမှာ ပိုမိုကောင်းမွန်သော အလုပ်အကိုင်နှင့် ဝင်ငွေအခွင့်အလမ်းများ ရှာဖွေရန်အတွက် သွားလာလုပ်ကိုင်သူများဖြစ်ကြပြီး (၉၇)ဦးရှိပါသည်။ နိုင်ငံရေးနှင့်ဆိုင်သော အကြောင်းအရင်း၊ ဒေသတွင်း ပဋိပက္ခဖြစ်ပွားမှုများကြောင့် လုံခြုံမှု မရှိသည့် အကြောင်းအရင်း၊ လူမှုရေးနှင့် ကျန်းမာရေး ကိစ္စများကြောင့် သွားလာနေထိုင်သူများ မရှိပါ။ ထို့ကြောင့် ကျွန်ုပ်တို့ကျေးရွာရှိ ကျေးရွာသူ/သားများသည် ရိုးသားသူများဖြစ်ကြပြီး အလုပ်ဝင်ငွေ အခွင့်အလမ်းများ ရရှိရန်သာ သွားလာနေသူများ ဖြစ်ကြောင်းလေ့လာတွေ့ရှိရပါသည်။ ထို့ကြောင့် ရွှေ့ပြောင်းလုပ်သားများ လျော့နည်းစေရေး အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပြုလုပ်ပေးရန် လိုအပ်လျက်ရှိပါသည်။

## (၈-၃) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

ဇယား (၂၆) ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ

| စဉ် | အကြောင်းအရာ | အိမ်ထောင်စု အရေအတွက် | | | |
|---|---|---|---|---|---|
| | | စုစုပေါင်း | မြင့် | လတ် | နိမ့် |
| ၁ | ပြန်ပို့ငွေကို မှီခိုနေရသော အိမ်ထောင်စု အရေအတွက် | ၅၀ | ၂ | ၄၂ | ၆ |
| ၂ | ပြန်ပို့ငွေ လမ်းကြောင်းများ | | | | |
| | - က။ ငွေလွှဲလုပ်ငန်း (ဟွန်ဒီ) | ၄၆ | ☒ | | |
| | - ခ။ ဘဏ် | ၄ | | | |
| | - ဂ။ လူကြုံဖြင့်လွှဲပို့ခြင်း | | | | |
| | - ဃ။ အထက်ပါ (က၊ ခ၊ ဂ) အနက်မှနည်းလမ်းနှစ်မျိုးကို အသုံးပြု၍ | | | | |
| | - င။ အထက်ပါ (က၊ ခ၊ ဂ) အနက်မှ နည်းလမ်းသုံးမျိုးလုံးကို အသုံးပြု၍ | | | | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ သံလျှင်ကျေးရွာတွင် ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေကို မှီခိုနေရသော အိမ်ထောင်စုများမှာ (၅၀)ခန့်ရှိပြီး စားဝတ်နေရေးနှင့် လူမှုရေးကိစ္စများအတွက် အသင့်အတင့် အဆင်ပြေပါသည်။ အများအားဖြင့် ဟွန်ဒီစနစ်ဖြင့် ပေးပို့ကြပြီးဘဏ်မှ ပေးပို့သူ အနည်းငယ် လည်းရှိပါသည်။ ပြန်ပို့ငွေကို မှီခိုနေရသော အမြင့်ဆုံးအိမ်ထောင်စု(၂)စုရှိပြီး အနိမ့်ဆုံး မှာ (၆)စုရှိပါသည်။ပြန်ပို့ငွေအား လတိုင်းလိုလို (၂၀၀၀၀၀-၅၀၀၀၀၀)အကြား ပုံမှန် ပေးပို့ကြပါသည်။ ကျေးရွာရှိ ရွှေ့ပြောင်းလုပ်သားများမှ ပြန်ပို့ငွေကို မှီခိုသူ(၅၀)အိမ်ထောင်စု ရှိသည့်အနက် (၄၆)အိမ်ထောင်စုမှာ ဟွန်ဒီစနစ်ဖြင့် ပေးပို့ကြသဖြင့် ဘဏ်များမှ ပေးပို့မည်ဆိုပါက ပို၍ ယုံကြည်စိတ်ချရမည်ဟု ထင်ပါသည်။ ထို့ကြောင့် ဘဏ်များမှ ပြန်ပို့ရန်ရေး အချိတ်အဆက် လုပ်ကိုင်ရန်အတွက်

အသိပညာများ လိုအပ်ပါသည်။

### (ဃ) ကုန်စည်နှင့်ဝန်ဆောင်မှုဈေးကွက်

ဇယား (၂၇) ကုန်စည်နှင့် ဝန်ဆောင်မှု ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| ဈေးကွက်လက်လှမ်းမီမှု | **အနီးဆုံးဈေး** (အနီးဆုံး တစ်ခုကိုသာဖော်ပြပါရန်) | **အကြီးစားဈေးကွက်** (အဓိကတစ်ခုကိုသာဖော်ပြပါရန်) |
|---|---|---|
| ဈေးအမည် (မြို့/ ရွာ) | သပြေရောင်ကျေးရွာဈေး | ထားဝယ်မြို့စည်ပင်သာယာဈေး |
| ရွာမှအကွာအဝေး (မိုင်) (အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်) | ၀ မှ ၁ မိုင်☑ ၁ မှ ၅ မိုင် ☐ ၅ မှ ၁၀ မိုင်☐ ၁၀မှ ၁၅မိုင် ☐ ၁၅ မိုင် အထက် ☐ | ၀ မှ ၁၀ မိုင်☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၃၀ မိုင် ☑ ၃၀မှ ၅၀ မိုင် ☐ ၅၁ မှ ၁၀၀ ☐၁၀၀မိုင်အထက်☐ |
| သယ်ယူပို့ဆောင်ရေးနည်းလမ်း | ခြေလျင်☐ စက်ဘီး☑– ဆိုင်ကယ် ☑ ကား/ထော်လာဂျီ ☐ ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ☐ | ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် ☐ ကား/ထော်လာဂျီ ☑ ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ☐ |
| ကုန်စည်နှင့်ဝန်ဆောင်မှု ရရှိနိုင်မှု (<u>အနည်းဆုံးတစ်ခုနှင့်အထက်</u>ရွေးနိုင်သည်။) | စားသောက်ကုန် (ကုန်စိမ်း၊ ကုန်ခြောက်) ☑ မီးဖိုချောင်သုံးနှင့် အိမ်သုံးပစ္စည်း☐ အဝတ်အထည်☑ ဆောက်လုပ်ရေးပစ္စည်းများ၊ ပရိဘောဂများ☐ ပစ္စည်းစုံ ဝန်ဆောင်မှုစုံ ရနိုင်☐ | စားသောက်ကုန် (ကုန်စိမ်း၊ ကုန်ခြောက်) ☑ မီးဖိုချောင်သုံးနှင့် အိမ်သုံးပစ္စည်း☑ အဝတ်အထည်☑ ဆောက်လုပ်ရေးပစ္စည်းများ၊ ပရိဘောဂများ☑ ပစ္စည်းစုံ ဝန်ဆောင်မှုစုံ ရနိုင်☑ |
| ဈေးအခြေခံအဆောက်အဦ | ကောင်း☐ သင့်☑ ညံ့☐ | ကောင်း☑ သင့်☐ ညံ့☐ |
| ဝန်ဆောင်မှု | ကောင်း☐ သင့်☑ ညံ့☐ | ကောင်း☑ သင့်☐ ညံ့☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်ုပ်တို့ကျေးရွာ၏ အနီးဆုံးဈေးမှာ သပြေရောင်ဈေးဖြစ်ပြီး တစ်မိုင်ခန့် ကွာဝေးပါသည်။ ထိုဈေးတွင် ကုန်စည်မျိုးစုံနှင့် ဟင်းသီးဟင်းရွက်၊ သားငါး၊ ကြက်၊ ဝက်များ ရရှိနိုင်ပြီး စက်ဘီးနှင့် မော်တော်ဆိုင်ကယ်တို့ဖြင့် အဆင်ပြေသလို သွားလာကြပါသည်။ ဈေးအဆောက် အအုံများမှ အတော်အသင့် ကောင်းမွန်ပြီး ဝန်ဆောင်မှုလည်း အသင့်အတင့်ကောင်းပါသည်။ ကျေးရွာတွင် ပစ္စည်းကြီး များနှင့် ကုန်မျိုးစုံ အများအပြား ဝယ်ယူမည်ဆိုပါက ထားဝယ်မြို့စည်ပင်သာယာ ဈေးကြီး သို့ သွားရောက် ဝယ်ယူကြရပါသည်။စည်ပင်သာယာဈေးသည် ကျေးရွာမှ (၂၁)မိုင်ခန့်ကွာဝေးပြီး ကားဖြင့်သွားပါက ကားခ အသွား/အပြန်(၄၀၀၀)ကျပ်ပေးရပါသည်။ ထိုဈေးတွင် ပစ္စည်းမျိုးစုံ ရရှိနိုင်ပြီး ဈေးအဆောက်အအုံနှင့် ဝန်ဆောင်မှုကောင်းမွန်ပါသည်။

### (င) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား (၂၈) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

| ချေးငွေ ရရှိနိုင်သည့်နေရာ | ငွေကြေး ဝန်ဆောင်မှု အမျိုးအစား | ပြန်လည် ပေးဆပ်ရမည့် ကာလ | အတိုးနှုန်း (လ) | အပေါင်ခံ ပစ္စည်း လိုအပ်မှု | ချေးငွေရရန် အခက်အခဲ များ |
|---|---|---|---|---|---|
| အစိုးရဘဏ်(မြန်မာ့ | ကာလတိုချေးငွေ☑ ကာလလတ်ချေးငွေ☐ | ၃–၆ လအတွင်း☐ ၆လမှ တစ်နှစ်ထိ☑ | အတိုးမဲ့ ☐ ၁ မှ ၂ % ☑ | လိုအပ်သည် ☑ | နည်းသည် ☐ ရှိသည် ☐ |

| ချေးငွေ ရရှိနိုင်သည့် နေရာ | ငွေကြေး ဝန်ဆောင်မှု အမျိုးအစား | ပြန်လည် ပေးဆပ်ရမည့် ကာလ | အတိုးနှုန်း (လ) | အပေါင်ခံ ပစ္စည်း လိုအပ်မှု | ချေးငွေရရန် အခက်အခဲ များ |
|---|---|---|---|---|---|
| လယ်ယာဖွံ့ဖြိုးရေးဘဏ်/ မြန်မာ့စီးပွားရေးဘဏ်) | ကာလရှည်ချေးငွေ☐ | တစ်နှစ်နှင့် အထက်☐ | ၂ မှ ၅% ☐<br>၅ မှ ၁၀ % ☐<br>၁၀% ထက်☐ | မလိုအပ်ပါ ☐ | မရှိပါ ☑ |
| သမဝါယမချေးငွေ | ကာလတိုချေးငွေ☐<br>ကာလလတ်ချေးငွေ☐<br>ကာလရှည်ချေးငွေ☐ | ၃-၆ လအတွင်း☐<br>၆လမှ တစ်နှစ်ထိ☐<br>တစ်နှစ်နှင့် အထက်☐ | အတိုးမဲ့ ☐<br>၁ မှ ၂ % ☐<br>၂ မှ ၅% ☐<br>၅ မှ ၁၀ % ☐<br>၁၀% ထက်☐ | လိုအပ်သည် ☐<br>မလိုအပ်ပါ ☐ | နည်းသည် ☐<br>ရှိသည် ☐<br>မရှိပါ ☐ |
| ပုဂ္ဂလိကဘဏ် | ကာလတိုချေးငွေ☐<br>ကာလလတ်ချေးငွေ☐<br>ကာလရှည်ချေးငွေ☐ | ၃-၆ လအတွင်း☐<br>၆လမှ တစ်နှစ်ထိ☐<br>တစ်နှစ်နှင့် အထက်☐ | အတိုးမဲ့ ☐<br>၁ မှ ၂ % ☐<br>၂ မှ ၅% ☐<br>၅ မှ ၁၀ % ☐<br>၁၀% ထက်☐ | လိုအပ်သည် ☐<br>မလိုအပ်ပါ ☐ | နည်းသည် ☐<br>ရှိသည် ☐<br>မရှိပါ ☐ |
| ပုဂ္ဂလိက အသေးစား ချေးငွေဝန်ဆောင်မှုက ဏ္ဍ | ကာလတိုချေးငွေ☐<br>ကာလလတ်ချေးငွေ☐<br>ကာလရှည်ချေးငွေ☐ | ၃-၆ လအတွင်း☐<br>၆လမှ တစ်နှစ်ထိ☐<br>တစ်နှစ်နှင့် အထက်☐ | အတိုးမဲ့ ☐<br>၁ မှ ၂ % ☐<br>၂ မှ ၅% ☐<br>၅ မှ ၁၀ % ☐<br>၁၀% ထက်☐ | လိုအပ်သည် ☐<br>မလိုအပ်ပါ ☐ | နည်းသည် ☐<br>ရှိသည် ☐<br>မရှိပါ ☐ |
| အဖွဲ့အလိုက်ငွေစု/ ငွေချေး အစီအစဉ် | ကာလတိုချေးငွေ☐<br>ကာလလတ်ချေးငွေ☐<br>ကာလရှည်ချေးငွေ☐ | ၃-၆ လအတွင်း☐<br>၆လမှ တစ်နှစ်ထိ☐<br>တစ်နှစ်နှင့် အထက်☐ | အတိုးမဲ့ ☐<br>၁ မှ ၂ % ☐<br>၂ မှ ၅% ☐<br>၅ မှ ၁၀ % ☐<br>၁၀% ထက်☐ | လိုအပ်သည် ☐<br>မလိုအပ်ပါ ☐ | နည်းသည် ☐<br>ရှိသည် ☐<br>မရှိပါ ☐ |
| ငွေချေးပေးသူ | ကာလတိုချေးငွေ☐<br>ကာလလတ်ချေးငွေ☐<br>ကာလရှည်ချေးငွေ☐ | နေ့စဉ်☐<br>လစဉ်☐<br>၃-၆ လအတွင်း☐<br>၆လမှ တစ်နှစ်ထိ☐<br>တစ်နှစ်နှင့် အထက်☐ | အတိုးမဲ့ ☐<br>၁ မှ ၂ % ☐<br>၂ မှ ၅% ☐<br>၅ မှ ၁၀ % ☐<br>၁၀% ထက်☐ | လိုအပ်သည် ☐<br>မလိုအပ်ပါ ☐ | နည်းသည် ☐<br>ရှိသည် ☐<br>မရှိပါ ☐ |
| အပေါင်ဆိုင် | ကာလတိုချေးငွေ☐<br>ကာလလတ်ချေးငွေ☐<br>ကာလရှည်ချေးငွေ☐ | နေ့စဉ်☐<br>လစဉ်☐<br>၃-၆ လအတွင်း☐<br>၆လမှ တစ်နှစ်ထိ☐<br>တစ်နှစ်နှင့် အထက်☐ | အတိုးမဲ့ ☐<br>၁ မှ ၂ % ☐<br>၂ မှ ၅% ☐<br>၅ မှ ၁၀ % ☐<br>၁၀% ထက်☐ | လိုအပ်သည် ☐<br>မလိုအပ်ပါ ☐ | နည်းသည် ☐<br>ရှိသည် ☐<br>မရှိပါ ☐ |
| မိတ်ဆွေနှင့်ဆွေမျိုးများ | ကာလတိုချေးငွေ☐<br>ကာလလတ်ချေးငွေ☐<br>ကာလရှည်ချေးငွေ☑ | နေ့စဉ်☐<br>လစဉ်☐<br>၃-၆ လအတွင်း☐<br>၆လမှ တစ်နှစ်ထိ☐<br>တစ်နှစ်နှင့် အထက်☑ | အတိုးမဲ့ ☐<br>၁ မှ ၂ % ☐<br>၂ မှ ၅% ☑<br>၅ မှ ၁၀ % ☐<br>၁၀% ထက်☐ | လိုအပ်သည် ☑<br>မလိုအပ်ပါ ☐ | နည်းသည် ☑<br>ရှိသည် ☐<br>မရှိပါ ☐ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ (၂) သက်ဆိုင်ရာ ငွေကြေး ဝန်ဆောင်မှုပေးသောအဖွဲ့များ။

မှတ်ချက်။ ။မြန်မာ့စီးပွားရေးဘဏ်၏ သတ်မှတ်ချက်အရ **ကာလတိုချေးငွေ** ဆိုသည်မှာ <u>အနည်းဆုံး တစ်ရက်မှ အများဆုံး တစ်နှစ်အထိ</u>၊ **ကာလလတ်ချေးငွေ** ဆိုသည်မှာ <u>၃ နှစ်မှ ၅ နှစ်အထိ</u>၊**ကာလရှည်ချေးငွေ**ဆိုသည်မှာ <u>၅ နှစ်မှ ၁၀ နှစ် အထိ</u>ဟု သတ်မှတ်ထားပါသည်။ အကယ်၍ ၁၀ နှစ် ကာလအထက် ရှည်ကြာစွာချေးပေးသော ချေးငွေများရှိခဲ့သော ကာလရှည်ချေးငွေတွင်သာ ထည့်သွင်းပေးရန်

ဖြစ်ပါသည်။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်ုပ်တို့ကျေးရွာတွင် ငွေကြေးဝန်ဆောင်မှုများ အနေဖြင့် ချေးငွေ ရရှိနိုင်သောနေရာများမှာ အလွန်နည်းပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တောင်သူလယ်သမားများအား အပေါင်ခံပစ္စည်း(ပုံစံ(၇))ရှိမှသာ ချေးငွေများကို ထုတ်ချေးပေးပြီး ကာလတိုချေးငွေများကိုသာ ရရှိပါသည်။ အချို့တောင်သူများမှ ပုံစံ(၇)ရရှိရန် ခက်ခဲသဖြင့် ချေးငွေရရှိခြင်းများ မရှိပါ။ အရေးပေါ်ကိစ္စများ ကြုံလာပါက မိတ်ဆွေနှင့် ဆွေမျိုးများတွင် အပေါင်ပစ္စည်း တစ်စုံ တစ်ရာဖြင့် အတိုးနှုန်း(၂-၅)%ချေးယူကြရပြီး အချိန်မီရရှိရန် အခက်အခဲရှိပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့ကျေးရွာတွင် ငွေကြေးဝန်ဆောင်မှုများ ပိုမိုအဆင်ပြေစေရေးအတွက် အတိုးနှုန်း သက်သာသော မြစိမ်းရောင်ကျေးရွာစီမံကိန်းအား ဆောင်ရွက်ပေးရန် လိုအပ်နေပါသည်။

### (စ) ပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှု

#### (စ-၁) ပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ

ဇယား (၂၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ

| အခက်အခဲ | အန္တရာယ်ရှိမှု | | |
|---|---|---|---|
| မြေဆီသြဇာ အခြေအနေ | မြင့်☐ | လတ်☐ | နိမ့်☑ |
| အပင်မျိုးစိတ်များ | မြင့်☐ | လတ်☐ | နိမ့်☑ |
| ဖျက်ပိုးနှင့်ရောဂါကာကွယ် ထိန်းချုပ်မှု | မြင့်☐ | လတ်☐ | နိမ့်☑ |
| ရေအရင်းအမြစ် | မြင့်☐ | လတ်☐ | နိမ့်☑ |
| ငါးမျိုးကွဲများ | မြင့်☐ | လတ်☐ | နိမ့်☑ |
| အခြားတိရစ္ဆာန်မျိုးကွဲများ | မြင့်☐ | လတ်☐ | နိမ့်☑ |
| စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု | မြင့်☐ | လတ်☐ | နိမ့်☑ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှုအတွက် အလေ့အကျင့်၊ အခက်အခဲများမှ မြေသြဇာအခြေအနေမှာ အန္တရာယ်ရှိမှု အနည်းငယ်သာရှိပါသည်။ မြေယာ ပြုပြင်မှုမရှိခြင်း၊ ဆားငန် ရေဝင်ရောက်ခြင်းကြောင့် မြေဆီလွှာ အရည်အသွေး အလယ်အလတ်ရှိပါသည်။ ထိုပြင် ကျေးရွာတွင် အပင်မျိုးစိတ်များ အန္တရာယ်ရှိမှုမှာ အနည်းငယ်သာရှိပါသည်။ ရေအရင်း အမြစ်များ၊ ငါးမျိုးကွဲများနှင့် အခြား တိရစ္ဆာန်မျိုးကွဲများမှာ အန္တရာယ်မရှိကြပါ။ထို့အပြင် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုနှင့် ပတ်သက်၍ စီမံချက်များ ရေးဆွဲထားခြင်းမျိုး မရှိသဖြင့် အန္တရာယ်ရှိမှုမှာ အသင့်အတင့်ရှိပြီး စီမံခန့်ခွဲမှုများ ပြုလုပ်ရန် လိုအပ်နေပါသည်။

### (ဆ) ပညာရေး

### (ဆ-၁) ပညာရေးနှင့် စာတတ်မြောက်မှု

ဇယား (၃၀) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း

| အတန်းပညာပြီးမြောက်မှု | ကျား | မ | ပေါင်း |
|---|---|---|---|
| စာမတတ်သူဦးရေ | ၂ | - | ၂ |
| မူလတန်းအဆင့်ရှိသူဦးရေ | ၁၇၆ | ၁၄၆ | ၃၂၂ |
| အလယ်တန်းအဆင့်ရှိသူ ဦးရေ | ၈၃ | ၈၃ | ၁၆၆ |
| အထက်တန်းအဆင့်ရှိသူ ဦးရေ | ၁၂ | ၁၂ | ၂၄ |
| တက္ကသိုလ်/ကောလိပ် အဆင့်ရှိသူ ဦးရေ | ၂ | ၂ | ၄ |

ရင်းမြစ် ...အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**မှတ်ချက်။** ။ဤဇယားကို ဖြည့်သွင်းရာတွင် <u>ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊</u> **<u>ပညာရေး ဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော</u>**<u>အတန်းပညာတက်ရောက်ပြီး/တက်ရောက်ဆဲသူများကိုသာ</u> ဖြည့်သွင်းရန်ဖြစ်ပါသည်။ ဖော်ပြပါအချက်နှင့် ကိုက်ညီချင်းမရှိခဲ့သော် ဇယားတွင် ဖြည့်သွင်းခြင်းမရှိဘဲ လေ့လာတွေ့ရှိချက်တွင်သာ မှတ်ချက်အနေဖြင့် ဖော်ပြရန် ဖြစ်ပါသည်။ အတန်းပညာပြီးမြောက်မှုဆိုသည်မှာ တစ်ဦးတစ်ယောက်၏ ဘဝတွင် သင်ယူလေ့လာခဲ့သော နောက် ဆုံးပညာရေးအဆင့်/ အခြေအနေကို ဆိုလိုပါသည်။

ဥပမာ - ယခု စာရင်းကောက်ယူချိန်တွင် ကျောင်းသူတစ်ယောက်သည် အဋ္ဌမတန်း (Grade 8) တွင် ပညာသင်ကြားနေသည်ဆိုသော် ထိုကျောင်းသူကို **"အလယ်တန်းအဆင့်ရှိသူဦးရေ"** တွင် ထည့်သွင်းရပါ မည်။ ယခု စာရင်းကောက်ယူချိန်တွင် ကျောင်းသားတစ်ယောက်သည် တတိယတန်း (Grade 3) တွင် ပညာသင်ကြားနေသည် ဆိုသော်၊ သို့မဟုတ် **ရေးတတ်ဖတ်တတ်အဆင့်သာ (ဥပမာ - ဘုန်းကြီးကျောင်းထွက်)** ရှိသည်ဆိုသော် အဆိုပါကျောင်းသား/ အဆိုပါပုဂ္ဂိုလ်ကို **"မူလတန်းအဆင့်ရှိသူဦးရေ"** တွင်သာ ထည့်သွင်းရပါမည်။ **"ဘုန်းကြီးကျောင်းသင်ပညာရေး (ဘက-ကျောင်း)"**ကို ဆည်းပူးခဲ့၊ ဆည်းပူးဆဲသော ကျောင်းသူ/သားများကို သက်ဆိုင်ရာအတန်းပညာအဆင့်အလိုက် ထည့်သွင်းရပါမည်။ ယခုစာရင်းကောက်ယူချိန်တွင် အခြေခံပညာမူလတန်းပညာကို သင်ယူပြီးဆုံးသင့်သည့်အရွယ်ကို ကျော်လွန်ပြီးဖြစ်သော်လည်း စာလုံးဝမတတ်ပါက **"စာမတတ်သူဦးရေ"** တွင်သာ ဖြည့်သွင်းရန် ဖြစ်ပါသည်။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်ုပ်တို့ကျေးရွာ၏ ပညာရေးနှင့် စာပေတတ်မြောက်မှုကို လေ့လာပါက မူလတန်းအဆင့်ရှိသူ ကျား(၃၂၂)ဦး၊ အလယ်တန်း အဆင့်ရှိသူ(၁၆၆)ဦး၊ အထက်တန်းအဆင့်ရှိသူ(၂၄)ဦး နှင့် တက္ကသိုလ်/ကောလိပ်အဆင့်ရှိသူ(၄)ဦးရှိပါသည်။ မူလတန်းအဆင့် တက်မြောက်မှုနှုန်းမှာ ကျေးရွာလူဦးရေ၏ (၅၅%)ရှိပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့ကျေးရွာတွင် လက်လုပ် လက်စားကျပန်းအလုပ်သမားများ များပြားသဖြင့် မူလတန်းအဆင့်အထိသာ တက်ရောက်သူများ ပါသည်။ ထို့အပြင် ကျေးရွာတွင် မူလတန်းအဆင့်သာရှိသဖြင့် ငွေကြေးမတတ်နိုင်သူများသည် မူလတန်းပညာအဖြင့်သာပြီးမြောက်ကြပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့ကျေးရွာ၏ ပညာရေးအဆင့်အား တိုးတက်အောင် မူလတန်းမှ မူလွန်ကျောင်းအဆင့်သို့ မြှင့်တင်ရန်လိုအပ် နေပါကြောင်း လေ့လာတွေ့ရှိရပါသည်။ သို့မှသာ ကျေးရွာတွင် ပညာတတ်လူဦးရေ တိုးပွားလာပြီး ပညာရေးဆိုင်ရာ အသိအမြင်များ၊ အခွင့်အလမ်းများ ပိုမိုရရှိလာမည်ဖြစ်ပါသည်။

## (ဆ-၂) ကျောင်းတက်နှုန်း

ဇယား (၃၁) ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း |
|---|---|---|---|
| မူလတန်း | ၃၉ | ၃၀ | ၆၉ |
| အလယ်တန်း | ၁၃ | ၁၄ | ၂၇ |
| အထက်တန်း | ၂ | ၆ | ၈ |
| တက္ကသိုလ်/ကောလိပ် | - | ၃ | ၃ |

ရင်းမြစ် … (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

**မှတ်ချက်။** ။ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေ သူများကိုသာ ဖြည့်သွင်းရန်ဖြစ်ပါသည်။ ၎င်းအပြင် **“ဘုန်းကြီးကျောင်းသင်ပညာရေး”** ကို သင်ယူဆည်းပူး နေသော ကျောင်းသူ/သားများကို **အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့် သတ်မှတ်ချက်များနှင့်**အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်ုပ်တို့ကျေးရွာရှိ လက်ရှိကျောင်းတက်နေသောကျောင်းသားဦးရေမှာ မူလတန်း ကျား(၃၉) နှင့် မ(၃၀)၊ အလယ်တန်းအဆင့်တွင် ပညာသင်ကြားနေသူမှာ ကျား(၁၃)နှင့် မ(၁၄)ဦး၊ အထက်တန်းအဆင့်မှာ ကျား(၂)ဦးနှင့် မ(၆)ဦးရှိပါသည်။ ထို့အပြင် တက္ကသိုလ် တက်နေသူဦးရေမှာ မ(၃)ဦးသာ ရှိပါသည်။ ကျေးရွာတွင် မူလတန်းနှင့် အလယ်တန်း ကျောင်းတက် နှုန်းမှာ အသင့်အတင့်ရှိသော်လည်း အထက်တန်းနှင့် ကောလိပ်တတ်သူဦးရေမှာ နည်းပါးပါသည်။ အဓိက အကြောင်းအရင်းအနေဖြင့် ငွေကြေးမတတ်နိုင်ခြင်း၊ ပညာရေး အသိ အမြင်နည်းပါးခြင်းတို့ကြောင်း ပညာကို အဆုံးတိုင်မတက်ရောက်နိုင်ခြင်း၊ ကျေးရွာတွင် ကျပန်း အလုပ်သမားများ(သို့) နိုင်ငံခြား တိုင်းပြည်များသို့ စီးပွားရှာရန် ထွက်သွားရခြင်းတို့ကြောင့် ကျောင်းသားဦးရေ လျော့နည်း ရခြင်းဖြစ်ပါသည်။

## (ဆ-၃) စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၃၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

| အကြောင်းအရာ | (၁) | (၂) | (၃) |
|---|---|---|---|
| **က။** ကျောင်းအဆင့် | မူလတန်း☑<br>မူလွန်☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း☐<br>အထက်တန်း(ခွဲ)☐<br>အထက်တန်း☐ | မူလတန်း☐<br>မူလွန်☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း☐<br>အထက်တန်း(ခွဲ)☐<br>အထက်တန်း☐ | မူလတန်း☐<br>မူလွန်☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း☐<br>အထက်တန်း(ခွဲ)☐<br>အထက်တန်း☐ |
| **ခ။**ရွာမှအကွာအဝေး(မိုင်) | ၀ မှ ၁ မိုင် ☑<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ |
| **ဂ။**သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | ခြေလျင် ☑<br>စက်ဘီး ☑<br>ဆိုင်ကယ် ☐<br>ကား ☐ | ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ | ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ |

| အကြောင်းအရာ | (၁) | | | (၂) | | | (၃) | | |
|---|---|---|---|---|---|---|---|---|---|
| **ဃ။** စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ)* | ၁၈၀၀ | | | | | | | | |
| **င။**အမိုး၊နံရံ၊အခင်း အရည်အသွေး | ကောင်း☐သင့်☐ညံ့☑ | | | ကောင်း☐သင့်☐ညံ့☐ | | | ကောင်း☐သင့်☐ညံ့☐ | | |
| **စ။**ကျောင်းသုံးပရိဘောဂလုံလောက်မှု | လုံလောက်မှုရှိသည်☐ မလုံလောက်ပါ ☑ | | | လုံလောက်မှုရှိသည်☐ မလုံလောက်ပါ ☐ | | | လုံလောက်မှုရှိသည်☐ မလုံလောက်ပါ ☐ | | |
| **ဆ။** ကျောင်းအိမ်သာ အခြေအနေ | ကောင်း ☐ သင့် ☑ ညံ့ ☐ မရှိ ☐ | | | ကောင်း ☐ သင့် ☐ ညံ့ ☐ မရှိ ☐ | | | ကောင်း ☐ သင့် ☐ ညံ့ ☐ မရှိ ☐ | | |
| **ဇ။**ကျောင်းအာဟာရတိုက်ကျွေးမှု | တိုက်ကျွေးမှုရှိသည်☑ တိုက်ကျွေးမှု မရှိပါ ☐ | | | တိုက်ကျွေးမှုရှိသည်☐ တိုက်ကျွေးမှု မရှိပါ ☐ | | | တိုက်ကျွေးမှုရှိသည်☐ တိုက်ကျွေးမှု မရှိပါ ☐ | | |
| **ဈ။**ကျောင်းဆရာ/မ ဦးရေ | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| အစိုးရခန့် | – | ၅ | ၅ | | | | | | |
| ကျေးရွာခန့် | – | – | – | | | | | | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

**မှတ်ချက်။** ။ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ = အလျား × အနံ) သည် စာသင် ကျောင်းတစ်ကျောင်းအတွင်းရှိ **ကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို** ဆိုလိုသည်။

**လေ့လာတွေ့ရှိချက်။** ။ သံလျှင်ကျေးရွာတွင် မူလတန်းကျောင်းအဆင့်သာ ရှိပြီး (၆၀'×၃၀'×၁၂') ရှိပါသည်။ ကျောင်းသည် ကျေးရွာ၏ ရွာအဝင်တွင်ရှိသဖြင့် အများအားဖြင့် ခြေလျှင်၊ စက်ဘီးများ အဖြစ်သာ သွားလာနေကြပါသည်။ ကျောင်းဆောက်လုပ်သည့်နှစ်မှာ နှစ်(၂၀) ကျော်ပြီ ဖြစ်၍ အမိုးများပေါက်ပြဲနေပြီး နံရံများမှာလည်း ခြစားနေပါသည်။ အခင်းမှာလည်း မြေနီခင်း ထားသဖြင့် ကလေးများ ကျန်းမာရေးအတွက်စိုးရိမ်ရပါသည်။ ကျောင်းခြံစည်းရိုးမှာ (၁၀၀'×၁၅၀'×၁၅၀')ရှိပြီး ကျန်တစ်ဘက်မှာ အိမ်နံဘေးတွင်ရှိသဖြင့် ခြံစည်းရိုးခတ်ရန် လိုအပ်နေပါသည်။ ကျောင်းတွင် သောက်သုံးရေအဖြစ် လက်တူးတွင်းမှ ရေကိုအသုံးပြုပါသည်။ ထိုရေတွင်းမှာ (၈'Ø×၂၀')ရှိကာ ယူနီဆက်မှ လှူဒါန်းထားပြီး အရည်အသွေး ကောင်းမွန်ပါ သည်။ ထိုရေတွင်း အမိုးရှိသော်လည်း အကာအဆီးမရှိသဖြင့် ကလေးများသည်တုတ်ချောင်းများ၊ အမှိုက်များကို တစ်ခါတစ်ရံ ပစ်ချတတ်ပါသည်။ ထို့ကြောင့် ရေတွင်းများ ပျက်စီးမှာ စိုးရိမ်ရပြီး ရေတွင်းအား (၂၀'×၂၀')ပတ်လည်အား သံဇကာဖြင့် ကာရံရန် လိုအပ်နေပါသည်။ ထို့အပြင် (၂)ခန်းတွဲအိမ်သာ(၁)လုံးရှိပြီး ဆရာမ(၁)ခန်း၊ ကျောင်းသား/သူ(၁)ခန်းအသုံးပြုကာ အသင့်အတင့် ကောင်းမွန်ပါသည်။ ကျောင်းသား ဦးရေမှာ (၆၉)ဦးရှိသဖြင့် ကျောင်းသားဦးရေနှင့် နှိုင်းယှဉ်ပါက အိမ်သာလုံလောက်မှု မရှိပါ။ ထို့အပြင် ကျောင်းရှိ စာရေးခုံများ ကြာမြင့်နေပြီဖြစ်၍ ယိုင် နေပါသည်။ ထို့ကြောင့် ကလေးများအတွက် စာရေးခုံ(၈)စုံ လိုအပ်နေပါသည်။ ကျောင်းတွင် အာဟာရတိုက်ကျွေးမှုများ ရှိပြီး အစိုးရခန့် ဆရာမ(၅)ဦးရှိပါသည်။ ဆရာမများသည် ဒေသခံများ ဖြစ်ကြသဖြင့် သွားရေလာရေးအတွက် အဆင်ပြေပါသည်။

## (ဆ-၄) ပညာရေးအခက်အခဲနှင့်ပြဿနာများ

ဇယား (၃၃) ပညာရေး အခက်အခဲနှင့် ပြဿနာများ

| အခက်အခဲ/ ပြဿနာ | ရှင်းလင်းချက် |
|---|---|
| ကျောင်းဆရာ/မ ရရှိနိုင်မှု | လုံလောက် ☑ မလုံလောက် ☐ |
| တပည့် - ဆရာ အချိုး | ၄၀း ၁ အောက် ☐ ၄၀း ၁ အထက် ☑ |
| မူလတန်းပညာ ကျောင်းထွက်နှုန်း | မရှိ ☐ နည်း ☑ လတ် ☐ များ ☐ |
| မသန်စွမ်းသူများအတွက် ပညာရေးအထူးအစီအစဉ် | ရှိ ☐ မရှိ ☑ |
| ကျောင်းသုံးစာအုပ်နှင့်စာရေးကိရိယာ | လုံလောက်☐ မလုံလောက်☑ |
| ဆင်းရဲသောမိသားစုများအတွက် ကျောင်းစရိတ်မတတ်နိုင်မှု | မြင့် ☐ အသင့်အတင့် ☑ |
| ကျောင်းအားကစားဆိုင်ရာ ပစ္စည်းများလက်လှမ်းမီမှု | မရှိ ☐ နည်း ☑ |
| မိဘဆရာအသင်း၏အခန်းကဏ္ဍ | ကောင်း ☐ သင့် ☑ ညံ့ ☐ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

**လေ့လာတွေ့ရှိချက်။** ။ သံလျှင်ကျေးရွာရှိ ပညာရေးအခက်အခဲများအနေဖြင့် တပည့်-ဆရာအချိုးမှာ ၁၃း ၁ ခန့်ရှိသဖြင့် လုံလောက်မှုရှိပါသည်။ ထို့အပြင် မသန်စွမ်းသူများအား ပညာရေးအထူးစီအစဉ်ဖြင့် စီမံထားခြင်းမျိုးမရှိပါ။ ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများလည်း လုံလောက်မှုမရှိပါ။ ဆင်းရဲသော မိသားစုများအတွက် SPI အဖွဲ့မှ ထောက်ပံ့မှုများ ရှိပါသည်။ ကျောင်းတွင် အားကစားကွင်းမှာ သီးသန့်မရှိဘဲ ကျောင်းမျက်နှာပြင် အရှေ့တွင်သာ ကစားရပါသည်။ ကျောင်းအားကစားဆိုင်ရာ ပစ္စည်းများအား အသင့်အတင့်ရှိပါသည်။ ကျောင်း ထောက်ပံ့မှုအဖြစ် SPI အဖွဲ့မှ(၁)နှစ်လျှင်(၈)သိန်းရရှိပြီး ကျောင်း၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးလျက်ရှိပါသည်။ မိဘဆရာအသင်း၏ အခန်းကဏ္ဍမှာလည်း ပူးပေါင်းမှုအားကောင်း ပါသည်။

## (ဇ) ကျန်းမာရေးနှင့်အာဟာရ

### (ဇ-၁) အဖြစ်များသောရောဂါများ

ဇယား (၃၄) အဖြစ်များသော ရောဂါများ

| # | ရောဂါ | ပျံ့နှံ့မှု/ဖြစ်ပွားမှု | | |
|---|---|---|---|---|
| ၁ | ဝမ်းပျက်ဝမ်းလျှော | မြင့်☐ | နိမ့်☑ | မရှိ☐ |
| ၂ | သွေးလွန်တုပ်ကွေး | မြင့်☐ | နိမ့်☑ | မရှိ☐ |
| ၃ | ငှက်ဖျား | မြင့်☐ | နိမ့်☑ | မရှိ☐ |
| ၄ | အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ | မြင့်☐ | နိမ့်☐ | မရှိ☑ |
| ၅ | HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ | မြင့်☐ | နိမ့်☐ | မရှိ☑ |
| ၆ | တီဘီ | မြင့်☐ | နိမ့်☑ | မရှိ☐ |
| ၇ | ဆီးချို | မြင့်☑ | နိမ့်☐ | မရှိ☐ |
| ၈ | သွေးတိုး | မြင့်☑ | နိမ့်☐ | မရှိ☐ |
| ၉ | အသည်းရောဂါ ( ဘီ၊ စီ) | မြင့်☐ | နိမ့်☐ | မရှိ☑ |
| ၁၀ | အာဟာရ ချို့တဲ့မှု | မြင့်☐ | နိမ့်☐ | မရှိ☑ |
| ၁၁ | အခြား ကူးစက်နိုင်သော ရောဂါများ | မြင့်☐ | နိမ့်☑ | မရှိ☐ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ သံလျှင် ကျေးရွာတွင် ဝမ်းပျက်ဝမ်းလျှော၊ သွေးလွန်တုပ်ကွေး၊ ငှက်ဖျား၊ တီဘီနှင့် အခြားကူးစက်နိုင်သော ရောဂါများမှာ အနည်းငယ်ဖြစ်ပွားကြပါသည်။ သွေးတိုးနှင့် ဆီးချိုရောဂါဖြစ်ပွားမှုနှုန်းမှာ မြင့်မားပါသည်။ HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သော ရောဂါများ ၊ အာဟာရချို့တဲ့မှုများမှာ မရှိသလောက်နည်းပါးပါသည်။ SPI အဖွဲ့မှ ကျန်းမာရေး အထောက်အပံ့များ အသင့်အတင့် ရရှိသဖြင့် အဆင်ပြေမှု အနည်းငယ်ရှိပါသည်။

### (၈–၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၃၅) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

| စဉ် | **ကာကွယ်ဆေးထိုးခြင်း** (ရှိ၊ မရှိ အမှန်ခြစ်ရန်) | ရှိ | မရှိ |
|---|---|---|---|
| ၁ | အဆုတ်ရောဂါ | | ✓ |
| ၂ | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ | | ✓ |
| ၃ | ပိုလီယိုရောဂါ | ✓ | |
| ၄ | မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း) | ✓ | |
| ၅ | ဝက်သက်ရောဂါ | ✓ | |
| ၆ | အခြား စုပေါင်းကာကွယ်ဆေးထိုးနှံမှု | ✓ | |
| ၇ | အာဟာရ မှတ်တမ်းယူမှု(အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်) | ✓ | |
| ၈ | အာဟာရပညာပေး အစီအစဉ် | | ✓ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ သံလျှင်ကျေးရွာတွင် လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးမှုမှာ အဆုတ်ရောဂါ၊ ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါများတွင် ကာကွယ်ဆေးထိုးခြင်း မရှိခဲ့ပါ။ ကိုယ်ဝန်ဆောင်များအတွက် မေးခိုင်ကာကွယ်ဆေးအား သပြေရှောင် ကျေးရွာတွင် သွားထိုးရပါသည်။ ကလေးများအတွက် ပိုလီယိုရောဂါ၊ဝက်သက်ရောဂါများအတွက်၊ စုပေါင်းကာကွယ်ဆေးထိုးနှံမှုများလည်း ရှိပါသည်။ အာဟာရမှတ်တမ်းယူမှုမှာ ကျေးရွာကိုယ်ထူကိုယ်ထကျန်းမာရေးအဖွဲ့မှ တစ်လလျှင်တစ်ကြိမ်ပြုလုပ်ပေးပါသည်။ အာဟာရပညာပေးအစီအစဉ်များ ပြုလုပ်မှု မရှိသေးပါ။

### (၈–၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၃၆) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီးအကွာအဝေး (မိုင်) | အခန်း/ကုတင်လုံလောက်မှု |
|---|---|---|
| ကျေးလက်ကျန်းမာရေး ဌာန/ ဌာနခွဲ | ၀ မှ ၁ မိုင် ☑<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐ | ရှိ ☑<br>မရှိ ☐ |

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီးအကွာအဝေး (မိုင်) | အခန်း/ကုတင်လုံလောက်မှု |
|---|---|---|
| | ၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက်☐ | |
| တိုက်နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☑<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက်☐ | ရှိ ☑<br>မရှိ ☐ |
| မြို့နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☑<br>၁၀ မိုင်အထက်☐ | ရှိ ☑<br>မရှိ ☐ |
| ဆေးဆိုင် | ရွာတွင် (သို့မဟုတ်) ရွာအနီးအနားတွင် ဆေးဆိုင် ရှိသည် ☑<br>ရွာတွင် (သို့မဟုတ်) ရွာအနီးအနားတွင် ဆေးဆိုင် မရှိပါ ☐ | ဆေးဆိုင်တွင် ဆေးဝါးများကို စနစ်တကျ သိုလှောင်ထားသည်☑<br><br>ဆေးဆိုင်တွင် ဆေးဝါးများကို စနစ်တကျ သိုလှောင်ထားခြင်း မရှိပါ☐ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ သံလျှင်ကျေးရွာ၏ ကျန်းမာရေးဝန်ဆောင်မှုမှာ ကျေးလက်ကျန်းမာရေး ဌာနခွဲသို့ (၆) ဖာလုံခန့် သွားရောက်ရပါသည်။ ကျေးလက်ဆေးပေးခန်းမှာ အခန်းနှင့် ကုတင် ဆေးဝါးများလည်း ထိုက်သင့်သလောက်ရှိပြီး ဝန်ဆောင်မှု ညံ့ပါသည်။ ညပိုင်းကျန်းမာရေး ဝန်ဆောင်မှုများအတွက် အခက်အခဲရှိပါသည်။ ဆရာမမှာ သပြေရှောင်ကျေးရွာတွင်နေထိုင်ပြီး လိုအပ်သည့်အချိန်တွင် ခေါ်ဆိုရန် ခက်ခဲပါသည်။ ထို့ကြောင့် သံလျှင်ကျေးရွာရှိ ရွာသူ/သားများသည် အများအားဖြင့် တိုက်နယ်ဆေးရုံတွင် သွားရောက်ကုသမှု ခံယူကြပါသည်။ တိုက်နယ်ဆေးရုံသို့ (၅) မိုင်ခန့် သွားရောက်ရပြီး အခန်း၊ကုတင်၊ဆေးဝါးများနှင့် ကျန်းမာရေး ဝန်ဆောင်မှုလည်း ကောင်းပါသည်။ မြို့နယ်ဆေးရုံကိုမူ ကျေးရွာမှ (၁၀)မိုင် ကွာဝေးပါသည်။ ကျေးရွာတွင် ဆေးဝယ်ယူရန် ဆိုင်မရှိပါ။ သပြေရှောင်ကျေးရွာတွင် ဝယ်ယူကြပါသည်။

**(ဈ) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**

**(ဈ–၁) သောက်သုံးရေရရှိမှု**

ဇယား (၃၇) သောက်သုံးရေရရှိနိုင်မှု

| ရေရရှိနိုင်မှု | **အသုံးပြုသော အိမ်ထောင်စု** | **သောက်သုံးရေ အရည်အသွေး စမ်းသပ် စစ်ဆေးထားမှု** (စနစ်တကျ စမ်းသပ်စစ်ဆေးထားမှု ရှိပါက "ရှိ"၊ မရှိပါက "မရှိ" ) | **ရေ အရည်အသွေး** (သောက်သုံးရေ အရည်အသွေး စမ်းသပ်စစ်ဆေးထားမှုတွင် "ရှိ" ဟု ဖြေဆိုထားပါက ဖြေဆိုရန်။ "မရှိ" ဟု ဖြေဆိုထား ပါက ဖြေရန်မလို) | **သောက်သုံးရေ ရရှိနိုင်မှုနှင့် လုံလောက်မှု အခြေအနေ** (ရာသီမရွေး ရပါက နွေ၊ မိုးနှင့် ဆောင်း ရာသီသုံးမျိုးလုံးကို ရွေးပေးပါရန်) |
|---|---|---|---|---|
| ရေတွင်း | ၃၈ | ရှိ☐ မရှိ☑ | ကောင်း☐ သင့်☐ ညံ့☐ | နွေ☐<br>မိုး☑<br>ဆောင်း☑ |
| အဝီစိတွင်း/ စက်တပ် | ၆၂ | ရှိ☑ မရှိ☐ | ကောင်း☑ သင့်☐ ညံ့☐ | နွေ☑<br>မိုး☑<br>ဆောင်း☑ |
| အဝီစိတွင်း/ တုံကင် | - | ရှိ☐ မရှိ☐ | ကောင်း☐ သင့်☐ ညံ့☐ | နွေ☐<br>မိုး☐<br>ဆောင်း☐ |
| မိုးရေ သိုလှောင်ကန် | - | ရှိ☐ မရှိ☐ | ကောင်း☐ သင့်☐ ညံ့☐ | နွေ☐<br>မိုး☐<br>ဆောင်း☐ |
| မြစ်/ချောင်းရေ | - | ရှိ☐ မရှိ☐ | ကောင်း☐ သင့်☐ ညံ့☐ | နွေ☐<br>မိုး☐<br>ဆောင်း☐ |
| ရေကန် | - | ရှိ ☐ မရှိ☐ | ကောင်း☐ သင့်☐ ညံ့☐ | နွေ☐<br>မိုး☐<br>ဆောင်း☐ |
| စိမ့်စမ်းရေ | - | ရှိ☐ မရှိ☐ | ကောင်း☐ သင့်☐ ညံ့☐ | နွေ☐<br>မိုး☐<br>ဆောင်း☐ |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

**လေ့လာတွေ့ရှိချက်။** ။ သံလျှင်ကျေးရွာတွင် ရေတွင်းမှာ (၃၈) တွင်းခန့်ရှိ၍ ရေ အရည်အသွေးအား စစ်ဆေးထားခြင်း မရှိပါ။သောက်သုံးရေအား မိုးရာသီနှင့်ဆောင်းရာသီတွင် လုံလောက်မှုရှိပြီး နွေရာသီ တပေါင်းလနှင့် တန်ခူးလများတွင် ရေလုံလောက်မှု အနည်းငယ် အခက်အခဲရှိပါသည်။ ထို့အပြင် ကျေးရွာတွင် အဝီစိတွင်းမှရေကိုအသုံးပြုသော အိမ်ထောင်စု (၆၂) အိမ်ရှိပြီး ရေအရည်အသွေးစစ်ဆေးမှု ပြုလုပ်ထားကာ ရေအရည်အသွေးကောင်းမွန်ပြီး ရာသီမရွေး အသုံးပြုနိုင် ပါသည်။ ထိုရေသည် ၂၀၁၄–၂၀၁၅ခု ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဆောင်ရွက်သောလုပ်ငန်းဖြစ်ပြီး အဝီစိတွင်းတူးကော် ဂါလံ(၂၅၀၀)ဆံ့ ရေစုကန်တည်ဆောက်ပြီး ထိုရေကန်မှ ရေမီတာစနစ်ဖြင့် တပ်ဆင်ထားပြီး တစ်ယူနစ်လျှင်(၂၀၀)ကျပ်ဖြင့် ဖြန့်ဝေပေးလျက်ရှိပါသည်။ ထို့အပြင် အဝီစိတွင်း(တုံကင်)၊ မိုးရေ သိုလှောင်ကန်၊ မြစ်/ချောင်း ရေနှင့်

ရေကန် သုံးစွဲမှုများ မရှိပါ။

**(ဈ-၂) သန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေအတွက်)**

ဇယား (၃၈) အိမ်သာ အမျိုးအစား

| သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု |
|---|---|
| **သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| ရေဆွဲ အိမ်သာ | |
| ရေလောင်း/ယင်လုံအိမ်သာ | ၆၀ |
| **မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| တွင်း/ဇလားအိမ်သာ | ၁၃ |
| တွင်းမရှိ အိမ်သာ | |
| အိမ်သာမရှိ | ၇ |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ သံလျှင်ကျေးရွာ၏ သန့်ရှင်းသောယင်လုံအိမ်သာသုံးစွဲမှုမှာ ရွာ၏ (၇၅%)ခန့် ရှိပါသည်။မသန့်ရှင်းသောအိမ်သာသုံးစွဲမှာ ကျေးရွာ၏ (၁၆.၂၅%)ခန့်ရှိနေပါသည်။ ထို့အပြင် အိမ်သာမရှိသော မိသားစုများလည်း အနည်းအငယ်လည်း ရှိနေပါသည်။ထို့အပြင် ငွေကြေးမတတ်နိုင်သော မိသားစုများအား SPI အဖွဲ့မှ ယင်လုံအိမ်သာများ ဆောက်လုပ်ပေးသဖြင့် အသင့်အတင့်အဆင်ပြေမှုရှိပါသည်။

**(ည) ကျား - မ ရေးရာ**

ဇယား (၃၉) ကျား - မ ရေးရာ

| # | ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ | ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန် | |
|---|---|---|---|
| ၁ | ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု | ရှိ☐ | မရှိ☑ |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများ တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု | ရှိ☑ | မရှိ☐ |
| ၃ | လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ် ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ | ရှိ☐ | မရှိ☑ |
| ၄ | အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေ နှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏ အသိ အမြင်ရှိမှု | ရှိ☐ | မရှိ☑ |

ရင်းမြစ်(၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ သံလျှင်ကျေးရွာတွင် ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီး များ တက်ကြွစွာပါဝင်မှု/ခေါင်းဆောင်မှု အပိုင်းတွင် ပါဝင်မှုမရှိသော်လည်း ကျေးရွာ ဖွံ့ဖြိုးရေး လုပ်ငန်းနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာပါဝင် ဆောင်ရွက်လျက်ရှိပါသည်။

လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေး များ/အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု(သို့)တိုင်ကြားမှုများ မရှိခဲ့ပါ။ အမျိုးသမီးရေးရာ အကြမ်းဖက်မှုများ အတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏ အသိအမြင်ရှိမှုမှာ အများအားဖြင့် အချို့အမျိုးသမီးများက သိသလို၊ အချို့အမျိုးသမီးများ လည်းမသိသေးပါ။ ထိုကြောင့် တရားဥပဒေ နှင့် ပတ်သတ်ပြီး အသိပညာပေးဟောပြောပွဲများ ပြုလုပ်လိုကြပါသည်။

## (ဋ) အခြေခံ အဆောက်အဦများ အခြေအနေ

### (ဋ-၁) ကျေးရွာ၏ လမ်းတည်ရှိမှု

ဇယား (၄၀) ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ

| လမ်း အမျိုးအစား | အမျိုး အစား | အရည်အသွေး | တည်ဆောက်ခဲ့သောနှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|---|
| ရွာတွင်းလမ်း | ၁☑၂☐၃☐ ၄☐၅☐ | ကောင်း☐ သင့်☑ ညံ့☐ | ဖြလမှ ၁နှစ် ☐ ၂နှစ်မှ ၅နှစ် ☐ ၅နှစ် အထက်☑ | ပွင့်လင်း ရာသီ☐ တစ်နှစ်ပတ်လုံး☑ | ၀-၁ မိုင်☑ ၁-၅ မိုင်☐ ၅-၁၀ မိုင်☐ ၁၀မိုင်အထက်☐ |
| ချဉ်းကပ်လမ်း | ၁☐၂☐၃☐ ၄☐၅☐ | ကောင်း☐ သင့်☐ ညံ့☐ | ဖြလမှ ၁နှစ် ☐ ၂နှစ်မှ ၅နှစ် ☐ ၅နှစ် အထက်☐ | ပွင့်လင်း ရာသီ☐ တစ်နှစ်ပတ်လုံး☐ | ၀-၁ မိုင်☐ ၁-၅ မိုင်☐ ၅-၁၀ မိုင်☐ ၁၀မိုင်အထက်☐ |
| ရွာချင်းဆက်လမ်း | ၁☑၂☐၃☐ ၄☐၅☐ | ကောင်း☐ သင့်☐ ညံ့☑ | ဖြလမှ ၁နှစ် ☐ ၂နှစ်မှ ၅နှစ် ☐ ၅နှစ် အထက်☑ | ပွင့်လင်း ရာသီ☐ တစ်နှစ်ပတ်လုံး☑ | ၀-၁ မိုင်☑ ၁-၅ မိုင်☐ ၅-၁၀ မိုင်☐ ၁၀မိုင်အထက်☐ |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။**။မြေသားလမ်း -၁၊ ကျောက်ခင်းလမ်း -၂၊ ကျောက်ချောလမ်း -၃၊ ကွန်ကရစ်လမ်း -၄၊ ကတ္တရာလမ်း -၅

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ရွာတွင်းလမ်း(၂)လမ်းရှိပြီး မြေသားလမ်းများ ဖြစ်ကြပါသည်။ (၁)လမ်းမှာ ရွာအတွင်းတွင် ရှိပြီး(၄၉၀၀)ပေရှည်ပါသည်။ ထိုလမ်းအား ၂၀၁၉-၂၀၂၀ခုဘဏ္ဍာရေးနှစ်တွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ကွန်ကရစ်လမ်းအဖြစ်သို့ အဆင့်မြှင့်တင်ရန် လျာထားပြီးဖြစ်ပါသည်။ နောက်တစ်လမ်းမှာ ရွာဟောင်းလမ်းဖြစ်ပြီး (၄၃၅၀)ပေရှည်ပါသည်။ ကျေးရွာမှ ထွက်ရှိသောကျောက်၊ သဲများအား သယ်ယူပို့ဆောင်ရာတွင် ရွာဟောင်းလမ်းအား အဓိကထားအသုံးပြုပါသည်။ ထိုလမ်းမှာ နွေရာသီတွင် သွားလာရန် အဆင်ပြေသော်လည်း မိုးရာသီတွင် ရေကျော်ခြင်း၊ ရွှံ့ဗွက်များထခြင်းတို့ကြောင့် သွားလာရန် အခက်အခဲရှိပါသည်။ ထို့ကြောင့် ထိုလမ်းအား တိုးချဲ့ရန်နှင့် မြင့်တင်ရန်လိုအပ်နေပါသည်။ထိုလမ်းအား တိုးချဲ့ ဖောက်လုပ်မည်ဆိုပါက ကုန်ထုတ်ပစ္စည်းများ၊ ဥယျာဉ်များသို့သွားလာရာတွင် အဆင်ပြေလာ မည်ဖြစ်ပါသည်။ ထို့အပြင် မြေပြိုမှုကြောင့် ပျောက်ကွယ်သွဦးသော ကျေးရွာ အဟောင်းအား ပြန်လည် ထည်ထောင်လာနိုင်မည်ဖြစ်ပါသည်။ ထို့အပြင် ဟင်းချိုတော-သံလျှင်ကျေးရွာချင်း ဆက်လမ်းမှာ (၃၂၀၀)ပေရှိကာ မြေသားလမ်းဖြစ်ပြီး အရည်အသွေးညံ့ဖျင်းပါသည်။ ထိုလမ်းအား (၃၂၀၀'×၁၂'×၆")

ကွန်ကရစ်လမ်းအဖြစ်သို့ အဆင့်မြှင့်တင်ရန် လိုအပ်နေပါသည်။ ကျေးရွာတွင် ချဉ်းကပ်လမ်း မရှိပါ။

## (၄-၂) ကျေးရွာ၏ တံတားတည်ရှိမှု

ဇယား (၄၁) ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ

| တံတား အမျိုးအစား | အရွယ်အစား (အလျားxအနံxအမြင့်) | အရည်အသွေး | တည်ဆောက်ခဲ့သောနှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|---|---|
| ဆိပ်ခံတံတား | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ဖြေလမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက်☐ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး☐ |
| ကွန်ကရစ် တံတား | ၁၆'x၄'x၃' | ကောင်း ☐<br>သင့် ☑<br>ညံ့ ☐ | ဖြေလမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☑<br>၅နှစ် အထက်☐ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး☑ |
| သစ်သား တံတား | ၂၂'x၁၅'x၈' | ကောင်း ☐<br>သင့် ☐<br>ညံ့ ☑ | ဖြေလမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက်☑ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး☑ |
| ကြိုးတံတား | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ဖြေလမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက်☐ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး☐ |
| ဝါးတံတား | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ဖြေလမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက်☐ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး☐ |
| ရေပြွန် | ၁၈'x၃'x၃' | ကောင်း ☑<br>သင့် ☐<br>ညံ့ ☐ | ဖြေလမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☑<br>၅နှစ် အထက်☐ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး☑ |
| ရေကျော် | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ဖြေလမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက်☐ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး☐ |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ သံလျှင်ကျေးရွာ၏ တံတားအခြေအနေမှာ ဆိပ်ခံတံတား၊ ကြိုးတံတား၊ ဝါးတံတားနှင့် ရေကျော်တံတားများ မရှိပါ။ ကွန်ကရစ်တံတားမှာ( ၁၆'x၄'x၃') ရှိပြီး အရည်အသွေးအသင့်အတင့် ကောင်းမွန်ပါသည်။ ထို့အပြင် ရွာဟောင်းလမ်းပေါ်ရှိ သစ်သားတံတားမှာ (၂၂'x၁၅'x၈')ရှိပြီး အရည်အသွေးညံ့ဖျင်းပါသည်။ ထိုသစ်သားတံတားသည် ကျောက်၊သဲများ သယ်ယူရာတွင် အဓိကထားအသုံးပြုသော တံတားလည်းဖြစ်ပါသည်။ ထိုတံတားသည် ယခုအခါတွင် ထန်းပင်လုံးဖြင့် ခင်းထားသဖြင့် ကျိုးကျမည်ကို စိုးရိမ်ရပါသည်။ ထို့ကြောင့် ထိုတံတားမအား ကွန်ကရစ်အဖြစ်သို့ အဆင့်မြှင့်တင်ရန် လိုအပ်နေပါသည်။ ထို့အပြင် (၁၈'x၃'x၃') ကွန်ကရစ်ရေပြွန် (၃)စင်းရှိပြီး အရည်အသွေးအသင့်အတင့်ကောင်းမွန်ပါသည်။

## (၄-၃) ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား (၄၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက်ရှိ **အသုံးမပြုပါ**အကွက်တွင် ✓ ခြစ်ပါ)။

| သယ်ယူပို့ဆောင်ရေး | အကွာအဝေး (မိုင်) | ယာဉ်အမျိုးအစား | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|---|
| မြစ်ကြောင်း | ၀ မှ ၁၀ မိုင် ☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ☑ | ၁ ☐ ၂ ☐ ၃ ☐ | ပွင့်လင်းရာသီ☐တစ်နှစ်ပတ်လုံး☐ |
| ပင်လယ်ရေကြောင်း | ၀ မှ ၁၀ မိုင်☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ☑ | ၁ ☐ ၂ ☐ ၃ ☐ | ပွင့်လင်းရာသီ☐<br>တစ်နှစ်ပတ်လုံး☐ |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်**။၁ – လှေ၊သမ္ဗာန်၊ ၂ – စက်လှေ၊ ၃ – သင်္ဘော။

**လေ့လာတွေ့ရှိချက်**။ ။ သံလျှင်ကျေးရွာသည် မြစ်၊ ချောင်း၊ ပင်လယ်တို့နှင့် မနီးသဖြင့် ရေကြောင်းသယ်ယူပို့ဆောင်မှုများ မရှိပါ။

## (၄-၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုးအစား | လှေ၊ သမ္ဗာန် | စက်လှေ | စက်ဘီး | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ် | ထော်လာဂျီ | ကား | မြင်းလှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|---|
| **အရေအတွက်** | – | – | ၄၇ | ၆၈ | – | ၉ | ၁ | – | – |

ရင်းမြစ်…အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်**။ ။ သံလျှင်ကျေးရွာသည် ကုန်းမြေအပေါ်တွင် တည်ရှိသဖြင့် လှေ၊သမ္ဗာန်နှင့် စက်လှေများ သုံးစွဲမှုမရှိပါ။ စက်ဘီးမှာ ကျောင်းသား/သူများ သွားလာရေးတွင် လည်းကောင်း၊ သပြေရှောင်ဈေးသို့ သွားရာတွင်လည်းကောင်း အသုံးပြုပြီး (၄၇)စီး ရှိပါသည်။ ထို့အပြင် မော်တော်ဆိုင်ကယ်အား ကုန်းလမ်းသယ်ယူပို့ဆောင်ရေး ဆောင်ရွက်ခြင်းအတွက် အဓိက အသုံးပြုပြီး (၆၈)စီးရှိပါသည်။ ငွေကြေးပြည့်စုံသူများနှင့် အသင့်အတင့်ရှိသူများတွင် ဆိုင်ကယ်အနည်းဆုံး(၁–၂)စီးအထိ ရှိကြပါသည်။ ထော်လာဂျီအား သဲ၊ ကျောက်၊ ကျောက်စရစ်များ သယ်ယူပို့ဆောင်ရာတွင် အဓိက အသုံးပြုပြီး (၉)စီးရှိပါသည်။ ထို့အပြင် မော်တော်ကား(၁)စင်းရှိပြီး ထားဝယ်မြို့သို့ ကုန်ပစ္စည်း များ ဝယ်ယူရာတွင် အသုံးပြုပါသည်။ အဓိကပို့ဆောင်ပါသည်။

## (၄) လျှပ်စစ်မီးရရှိမှု

ဇယား (၄၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

| ရင်းမြစ် | အိမ်ထောင်စု | ပြုပြင်ထိန်းသိမ်းရေးစနစ် | အခက်အခဲ |
|---|---|---|---|
| မဟာဓာတ်အားလိုင်း | - | ကောင်း☐ သင့်☐ ညံ့ ☐ မဖြေဆို☑ | ရှိ ☑ မရှိ☐ |
| ဆိုလာစနစ် | ၃၀ | ကောင်း☐ သင့်☑ညံ့ ☐ မဖြေဆို☐ | ရှိ ☑ မရှိ☐ |
| အသေးစားရေအားလျှပ်စစ် | - | ကောင်း☐ သင့်☐ ညံ့ ☐ မဖြေဆို☑ | ရှိ ☐ မရှိ☐ |
| ဒီဇယ်သုံးအင်ဂျင် | ၃၃ | ကောင်း☐ သင့်☑ ညံ့ ☐ မဖြေဆို☐ | ရှိ ☐ မရှိ☑ |
| လေစွမ်းအင် | - | ကောင်း☐ သင့်☐ ညံ့ ☐ မဖြေဆို☑ | ရှိ ☐ မရှိ☐ |
| ဇီဝလောင်စာ | | ကောင်း☐ သင့်☐ ညံ့ ☐ မဖြေဆို☑ | ရှိ ☐ မရှိ☐ |
| အမျိုးအမည်ခွဲခြား ဖော်ပြခြင်းမပြုနိုင်သော လျှပ်စစ်ဓာတ်အားပေးစနစ် | | ကောင်း☐ သင့်☐ ညံ့ ☐ မဖြေဆို☑ | ရှိ ☐ မရှိ☐ |
| လျှပ်စစ်မီး အသုံးမပြုနိုင်သော | ၂၇ | ☒ | ☒ |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ သံလျှင်ကျေးရွာ၏ လျှပ်စစ်မီးရရှိမှု အခြေအနေမှာ အသေးစားရေအား လျှပ်စစ်၊ လေစွမ်းအား၊ ဇီဝလောင်စာ အသုံးပြုခြင်းများ မရှိပါ။ EPC မီးလိုင်းမှ တိုင်များ၊ Transformer မီးကြိုးလိုင်းများ တပ်ဆင်ထားပြီး ဓာတ်အားလိုင်း မဖြန့်ဖြူးရသေးသော အခြေ အနေ ဖြစ်ပါသည်။ ယခုလက်ရှိတွင် သပြေရောင်ကျေးရွာမှ ဆောင်ရွက်ပေးနေသော ဒီဇယ်သုံး အင်ဂျင်အား တစ်လလျှင် တီဗီရှိသောအိမ်တွင် (၅၀၀၀)ကျပ်နှုန်းနှင့် တီဗီမရှိသောအိမ်မှာ (၃၀၀၀)ကျပ်နှုန်းဖြင့် အသုံးပြုလျက်ရှိပါသည်။ လျှပ်စစ်မီးဖြန့်ပေးနေမှုမှာ ညနေ(၆)နာရီမှ (၉)နာရီ အထိ ဖြန့်ဖြူးပေးနေပြီး ပြုပြင်ထိန်းသိမ်းမှုများမှာ အသင့်အတင့် ရှိပါသည်။ ထို့အပြင် ဆိုလာ သုံးစွဲသူ (၃၀)အိမ်ခန့်လောက်ရှိပြီး ဖယောင်းတိုင်မီးများနှင့် အခြားသုံးစွဲသူ(၂၇) အိမ်ခန့် လောက် ရှိပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့ကျေးရွာတွင် မဟာဓာတ်အားလိုင်း ချိတ်ဆက် ထားရှိမှု ရှိသော် လည်း အချိန်ကာလအားဖြင့် ကြာမြင့်နေပြီဖြစ်ပါ၍ အမြန်ဆောင်ရွက်ပေးရန် လိုအပ်နေပါသည်။

## (၃) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ

ဇယား (၄၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ | ဂြိုလ်တုစလောင်း |
|---|---|---|---|---|
| **အရေအတွက်** | ၂၄၆ | ၁၇ | ၃၈ | ၃၁ |

ရင်းမြစ်...အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ အိမ်ထောင်စု စာရင်းကောက်ယူမှု မှတ်တမ်းအရ သံလျှင်ကျေးရွာတွင် ဖုန်းလံးအရေအတွက် (၂၄၆)လုံးရှိပြီး ဖုန်းလိုင်းနှင့် အင်တာနက်လိုင်း အသင့်အတင့် ကောင်းမွန် ပါသည်။ ရေဒီယိုသုံးစွဲသော အိမ်ထောင်စုမှာ (၁၇)အိမ်ခန့်ရှိပြီး လူကြီးအပိုင်းများသာ အသုံးပြုကြ ပါသည်။ ထို့အပြင် သတင်းအချက်အလက်နှင့် နည်းပညာများအတွက် တီဗီ(၃၈)လုံးနှင့် ဂြိုလ်တု စလောင်း (၃၁)လုံး ရှိပါသည်။ ကျေးရွာတွင် စာကြည့်တိုက်ရှိသော်လည်း ကျေးရွာနေပြည်သူများမှ

စာပေလေ့လာဖတ်ရှုမှု အားနည်းကြပြီး အများအားဖြင့် Facebook ၊Viber နှင့် Messager တို့မှသာ သတင်းအချက်အလက်နှင့် နည်းပညာရယူမှု ပိုများပါသည်။

**(ဃ)ယဥ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး**

ဇယား (၄၆) ယဥ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

| ယဥ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးဆိုင်ရာများ | ဝန်ဆောင်မှု |
|---|---|
| လူငယ်များ အနားယူ အပန်းဖြေရန် နေရာများပျော်ပွဲရွှင်ပွဲများရှိခြင်း | ရှိ ☐ မရှိ☑ မဖြေဆိုပါ☐ |
| လူမှုရေးလုပ်ငန်းများတွင် ပါဝင်မှု | ကောင်း☐ သင့်☑ ညံ့☐ မဖြေဆိုပါ☐ |
| ဘာသာရေးလုပ်ငန်းများတွင် ပါဝင်မှု | ကောင်း☐ သင့်☑ ညံ့☐ မဖြေဆိုပါ☐ |
| အားကစားနှင့်ကာယလေ့ကျင့်ခန်းများပြုလုပ်ရန်နေရာ နှင့် အထောက်အကူပြုပစ္စည်းများ ရှိခြင်း | ကောင်း☐ သင့်☑ ညံ့☐ မဖြေဆိုပါ☐ |
| ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်မှု | ကောင်း☐ သင့်☑ ညံ့☐ မဖြေဆိုပါ☐ |
| ရိုးရာဓလေ့ထုံးစံများနှင့်ယဥ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းစောင့်ရှောက်ခြင်းတွင်ပါဝင်မှု | မရှိ ☐ နည်း ☑ များ☐ |
| စိတ်ဝင်စားရာများကိုမိမိကိုယ်တိုင်လေ့လာသင်ယူနိုင်မည့်နေရာများ၊လူငယ်ရိပ်သာများ၊စာကြည့်တိုက်များစသည်တို့တွင်ဝင်ရောက်လေ့လာသင်ယူနိုင်ခြင်း | ရှိ ☐ မရှိ ☑ မဖြေဆိုပါ ☐ |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း – လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်ုပ်တို့ကျေးရွာ၏ ယဥ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေများအနေဖြင့် လူငယ်များ အနားယူအပန်းဖြေရန် နေရာများ မရှိပါ။ အများအားဖြင့် အမျိုးသမီးသည် အိမ်မှုကိစ္စများကို လုပ်ကိုင်ကြပြီး အမျိုးသားလူငယ်များသည် ဘောလုံးကန်ကြပါသည်။ ဘာသာရေး၊ လူမှုရေးနှင့် နာရေးကိစ္စများတွင် အသင့်အတင့် ပါဝင်ကြပါသည်။ အားကစားပြုလုပ်ရန် ဘောလုံးကွင်းရှိသော်လည်း မြေပြင်မညီမညာဖြစ်နေ သဖြင့် ပြုပြင်ရန် လိုအပ်နေပါသည်။ လူငယ်များ သတင်းအချက်အလက်များ ရရှိရန် စာကြည့်တိုက်ရှိသော်လည်း စာအုပ်ပြည့်စုံမှု လုံလောက်စွာ မရှိပါ။ ထို့ကြောင့် လူငယ်အများစုသည် ဖုန်းများမှ အဓိကသတင်းအချက်အလက်များကို ရရှိကြပါသည်။ သို့ဖြစ်ပါ၍ လူငယ်များ စွမ်းဆောင်ရည် မြှင့်တင်ရေးအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများ (လျှပ်စစ်ပြုပြင်ရေး၊ ကွန်ပျူတာ၊ အပ်ချုပ်စက်၊ ဆိုင်ကယ်ပြင်သင်တန်းများ) ဖွင့်လှစ်ပေးမည်ဆိုပါက ပိုမိုအဆင်ပြေလာပါမည်။

**(ဏ) ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး အခြေအနေ**

**(ဏ–၁) လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီမှု**

ဇယား (၄၇) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု

| ဝန်ဆောင်မှုများ | ရှင်းလင်းချက် |
|---|---|
| တယ်လီဖုန်းလိုင်း၊တယ်လီဖုန်းတာဝါတိုင်များ၊ကြေးနန်းလိုင်း၊ အင်တာနက်လိုင်း၊ရုပ်မြင်သံကြားလိုင်း၊ရေဒီယိုလိုင်းစသော | ရှိ ☑ မရှိ ☐ မဖြေဆိုပါ ☐ |

| ဝန်ဆောင်မှုများ | ရှင်းလင်းချက် |
|---|---|
| ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဖြန့်ဝေခြင်းဆိုင်ရာ အထောက်အကူပြုအဆောက်အဦများရှိခြင်း | |
| အာမခံလုပ်ငန်းများ၏ဝန်ဆောင်မှုများကိုရရှိနိုင်ခြင်း | ရှိ ☐ မရှိ ☑ မဖြေဆိုပါ ☐ |
| လူထုအခြေပြုသဘာဝဘေးအန္တရာယ်လျှော့ချရေးအစီအစဉ် | ရှိ ☐ မရှိ ☑ မဖြေဆိုပါ ☐ |
| မှုခင်းများကာကွယ်တားဆီးလျော့ချရေးအတွက်ရဲဘက်ဆိုင်ရာ များမှဝန်ဆောင်မှုပေးခြင်း | ရှိ ☐ မရှိ ☑ မဖြေဆိုပါ ☐ |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှုအထောက်အကူများအား လေ့လာပါက တယ်လီဖုန်းလိုင်း၊ တယ်လီဖုန်း တာဝါတိုင်များ စသည့် ဆက်သွယ်ရေးဆိုင်ရာများ အတွက် ဘေးကင်းလုံခြုံမှု ရှိပါသည်။ သို့သော် လူထုအခြေပြုသဘာဝဘေး အန္တရာယ် လျော့ချရေး အတွက် အစီအစဉ်ရေးဆွဲထားခြင်းမျိုး မရှိပါ။ထို့အပြင် မှုခင်းများ ကာကွယ်တားဆီး ရေး အတွက် ရဲဘက်ဆိုင်ရာများမှ ဝန်ဆောင်မှုပေးခြင်းများလည်း မရှိပါ။ ကျွန်ုပ်တို့ကျေးရွာသည် ၁၉၉၇ခုနှစ်တွင် တောင်ပြိုမှုတွင် ပါဝင်ခဲ့သဖြင့် သဘာဝဘေးအန္တရာယ် ကာကွယ်ရေးဆိုင်ရာ စီမံချက်အား ရေးဆွဲထားသင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**(၈–၂) မှုခင်းဖြစ်ပွားမှု**

ဇယား (၄၈) မှုခင်းဖြစ်ပွားမှု အခြေအနေ

| | လူကုန်ကူးမှု | | ခိုးမှု | | မူးယစ်ဆေးသုံးစွဲမှု | | အကြမ်းဖက်မှု | |
|---|---|---|---|---|---|---|---|---|
| **မှုခင်းဖြစ်ပွားမှု အခြေအနေ** | စိုးရိမ်ရသည် | ☐ | စိုးရိမ်ရသည် | ☐ | စိုးရိမ်ရသည် | ☐ | စိုးရိမ်ရသည် | ☐ |
| | သာမန် | ☐ | သာမန် | ☐ | သာမန် | ☐ | သာမန် | ☐ |
| | မရှိ | ☑ | မရှိ | ☑ | မရှိ | ☑ | မရှိ | ☑ |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ သံလျှင်ကျေးရွာအနေဖြင့် လူကုန်ကူးမှု၊ ခိုးမှု၊ မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် အကြမ်းဖက်မှုများ မရှိပါ။

နောက်ဆက်တွဲ (၃)

## ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား(သံလျှင်ကျေးရွာ)

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေ ကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | **စိုက်ပျိုးရေး** | | | | | |
| ၁ | • စိုက်ပျိုးနည်းပညာ အားနည်းခြင်း | • သမရိုးကျစိုက်ပျိုးနည်းများကို အသုံးပြုနေကြခြင်း<br>• နည်းပညာဝန်ဆောင်မှု မရရှိခြင်း | • စိုက်ပျိုးနည်းပညာများရရှိရန်ဆန္ဒရှိခြင်း | • နည်းပညာသင်တန်းများ ရရှိရန် ခက်ခဲခြင်း | • စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်ခြင်း | • စိုက်ပျိုးရေးနည်းပညာသင်တန်းများ ဖွင့်လှစ်ခြင်း |
| ၂ | • ချောင်းတိမ်ကောခြင်း | • ရွှံ့များပြည့်လာခြင်းကြောင့် ချောင်းများရေဆင်းလမ်းမကောင်းခြင်း | – | • ငွေကြေးလုံလောက်မှု မရှိခြင်း | • ဆည်မြောင်းဦးစီးဌာနနှင့်ချိတ်ဆက်ခြင်း | • ချောင်းတူးဖော်ခြင်း (၅၂၈၀’) |
| ၃ | • ဈေးနှုန်း များပြားစွာ ငါးရမ်းအသုံးပြုရခြင်း<br>• သီးနှံများ အချိန်မီ မရိတ်သိမ်းနိုင်ခြင်း | • စက်ကိရိယာမလုံလောက်ခြင်း | • ငါးရမ်းအသုံးပြုနိုင်ခြင်း<br>• အရစ်ကျစနစ်ဖြင့် ဝယ်ယူလိုစိတ်ရှိခြင်း | • ချိတ်ဆက်မှုအားနည်းခြင်း | • မြန်မာ့လယ်ယာဖွံ့ဖြိုးမှုဘဏ်၊ စိုက်ပျိုးရေးသုံးစက်ကိရိယာ ကုမ္ပဏီများနှင့် ချိတ်ဆက်ခြင်းပြီး ဝယ်ယူခြင်း<br>• | • လယ်ယာသုံးစက်ကိရိယာများအား အရစ်ကျစနစ်ဖြင့် ဝယ်ယူခြင်း |
| ၄ | • ဈေးနှိမ့်ခံရခြင်း<br>• သီးနှံများအား ဈေးနှုန်းမှန်ကန်စွာ မရောင်းချနိုင်ခြင်း | • ဈေးကွက်လက်လှမ်းမီမှုအားနည်းခြင်း | • ရောင်းချရန် ဈေးကွက် ရှိခြင်း | | • တောင်သူဦးကြီးများမှ ဈေးနှုန်းမှန်ကန်စွာ ရရှိရန် ဈေးကွက်များ ရှာဖွေခြင်း | • စိုက်ပျိုးရေးသီးနှံများအား ဈေးကွက် လက်လှမ်းမီအောင် ဆောင်ရွက်ခြင်း |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေ ကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်း လမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၂ | **မွေးမြူရေး** | | | | | |
| ၅ | • မွေးမြူရေး နည်းပညာ အားနည်းခြင်း | • မွေးမြူရေးဆိုင်ရာ ဝန်ဆောင်မှု မရရှိခြင်း | • မွေးမြူရေးနည်းပညာ များအား သင်ယူလို စိတ်ရှိခြင်း<br>• မွေးမြူရေးလုပ်ငန်း အား တိုးချဲ့ရန် မြေနေ ရာ ရှိခြင်း | • ချိတ်ဆက်မှုအား နည်းခြင်း | • မွေးမြူရေးနှင့် ကုသ ရေး ဦးစီးဌာနနှင့် ချိတ် ဆက်ခြင်း | • မွေးမြူရေးနည်းပညာသင်တန်း များ ဖွင့်လှစ်ခြင်း |
| ၆ | • ဈေးနှိမ့်ခံရခြင်း<br>• ဈေးနှုန်း မှန်ကန်စွာ မရောင်းချ နိုင်ခြင်း | • ဈေးကွက်လက်လှမ်းမီမှု အားနည်းခြင်း | • ရောင်းချရန် ဈေး ကွက်ရှိ ခြင်း | • | • မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများ၊ ကျေး ရွာ အုပ်ချုပ်ရေးများမှ ဈေးနှုန်းမှန်ကန်သော ဈေးကွက်များ ရှာဖွေ ခြင်း | • ဈေး ကွက် လက်လှမ်းမီအောင် ဆောင် ရွက်ခြင်း |
| ၃ | **ပညာရေး** | | | | | |
| ၇ | • စာသင်ကျောင်းအ ဆောက် အအုံချဲ့ရန်လို | • ကျောင်းသားဦးရေများ လာ ခြင်း | • ကျောင်းဆောက်ရန်မြေ နေရာရှိခြင်း | • ပညာရေးဌာနကလို အပ် မှုကိုသိသော် လည်းကြန့် ကြာ နေ ခြင်း | • ပညာရေးဌာနနှင့်ချိတ် ဆက်ရန် | • ကျောင်းအဆောက်အအုံလိုအပ်ခြင်း (၆၀ ’×၄၀’×၁၂’) |
| ၈ | • နံရံများ ခြစားခြင်း၊ အမိုးများ ပေါက်ပြဲခြင်း | • ကျောင်းမှာ သက်တမ်း ကုန်ဆုံးနေခြင်း | • ကျောင်းပြုပြင်ရန် မိဘဆရာအသင်း ပူး ပေါင်းမှု အားကောင်း ခြင်း | • သက်ဆိုင်ရာဌာနနှင့် ချိတ်ဆက်မှု အား နည်းခြင်း | • မိဘဆရာအသင်း၊ ကျောင်း အကျိုးတော် ဆောင် အဖွဲ့မှ ဦး ဆောင် ၍ သက်ဆိုင်ရာဌာနသို့ တင်ပြခြင်း | • ကျောင်းအမိုး/နံရံများ ပြုပြင်ခြင်း (၆၀ ’×၃၀’×၁၂’) |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေ ကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၉ | • စာရေးခုံ မလုံ လောက်ခြင်း | • ကျောင်းသားဦးရေများလာခြင်း<br>• စာရေးခုံများ ယိုင်နေခြင်း | • ကျောင်းသားမိဘများမှ အလှူငွေအသင့် အတင့် လှူဒါန်းနိုင်ခြင်း | | • အလှူရှင်များရှာဖွေခြင်း | • စာရေးခုံ(၈)စုံ ဖြည့်ဆည်းခြင်း |
| ၁၀ | • ကျောင်းအိမ်သာ မလုံလောက်ခြင်း | • ကျောင်းသားဦးရေများလာခြင်း | • မြေနေရာရှိခြင်း | • ငွေကြေးမတတ်နိုင်ခြင်း | • အလှူရှင်များရှာဖွေ ခြင်း | • (၂)ခန်းတွဲ အိမ်သာတည်ဆောက်ခြင်း |
| ၁၁ | • မူလတန်းအဆင့်သာ ပညာသင်ကြားနိုင်ခြင်း<br>• ပညာတတ်ဦးရေ နည်းပါးခြင်း<br>• ကျောင်းထွက်နှုန်းများခြင်း | • မူလွန်ကျောင်း မရှိခြင်း | • သင်ယူလိုစိတ်ရှိခြင်း | • ချိတ်ဆက်မှု အားနည်းခြင်း | • ကျေးရွာအုပ်ချုပ်ရေးမှူး/ မိဘဆရာအသင်းပူးပေါင်း၍ မူလွန်အဆင့်သို့ မြှင့်တင်ရန် သက်ဆိုင်ရာဌာနသို့ တင်ပြခြင်း | • ပညာရေးအဆင့်မြှင့်တင်ခြင်း(မူလွန်ကျောင်း) |
| ၁၂ | • အမှိုက်များ/တုတ်ချောင်းများ ပစ်ချခြင်း<br>• ရေတွင်း ပျက်စီးမှု စိုးရိမ်ရခြင်း | • ရေတွင်းအကာ မရှိခြင်း | • ရေအရည်အသွေး ကောင်းခြင်း | | • ရေတွင်းအား သံဇကာဖြင့် ကာရန် အလှူရှင်များနှင့် ချိတ်ဆက်ခြင်း | • ကျောင်းရေတွင်း(၂၀'×၂၀')အား သံဇကာဖြင့် ကာရံခြင်း |
| ၁၃ | • ကျောင်းလုံခြုံရေး အတွက် စိုးရိမ်ရခြင်း<br>• အိမ်နံဘေးတွင် ရှိနေခြင်း | • ကျောင်းခြံစည်းရိုးတစ်ဘက် မရှိခြင်း | • ခြံစည်းရိုး(၃)ဖက်ရှိခြင်း | | • သက်ဆိုင်ရာဌာနသို့ တင်ပြခြင်း | • ကျောင်းခြံစည်းရိုးကာရံခြင်း (၁၀၀'×၅') |
| ၄ | **လမ်း၊ တံတား၊ လျှပ်စစ်** | | | | | |
| ၁၄ | • ရွာချင်းဆက်လမ်း မကောင်းခြင်း | • လမ်းကျဉ်း၍မြေသား လမ်း ဖြစ်ခြင်း၊ ရေမြောင်း မရှိခြင်း | • လမ်းဘေးခြံများ သဘော တူညီမှုရှိခြင်း | • ငွေကြေးလုံလောက်မှုမရှိခြင်း | • ကျေးလက်လမ်းဦးစီးဌာနနှင့် ချိတ်ဆက်ခြင်း | • သံလျှင်-ဟင်းချိုတောကျေးရွာချင်းဆက်လမ်း(၁၈၅၀'×၁၂'×၆") အား ကွန်ကရစ်ခင်းခြင်းလုပ်ငန်း |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေ ကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်း လမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁၅ | • မိုးရာသီတွင် ရွှံ့ဗွက်များ ထခြင်း | • မြေသားလမ်းဖြစ်ခြင်း<br>• ရွာတွင်းလမ်းကျဉ်း မြောင်း ခြင်း | • လမ်းချဲ့ရန်မြေနေရာ များ ပေးခြင်း | • ငွေကြေးလုံလောက်မှု မရှိခြင်း | • ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ခြင်း | • ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်း ခြင်းလုပ်ငန်း(၄၉၀၀'×၁၂'×၆") |
| ၁၆ | • မိုးရာသီတွင် ရွှံ့ဗွက်များ ထခြင်း<br>ကုန်ထုတ်ပစ္စည်းများသယ် ယူရာတွင် အခက်အခဲ ရှိခြင်း | • မြေသားလမ်းဖြစ်ခြင်း | • သဲ၊ကျောက်များ ပါဝင် လှူဒါန်းနိုင်ခြင်း<br>• လုပ်အားပါဝင်ပေးနိုင် ခြင်း | • ငွေကြေးလုံလောက် မှုမရှိခြင်း | • ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ခြင်း | • ကျေးရွာတွင်းလမ်းအဟောင်းအား မြေသားလမ်းတိုးချဲ့ခြင်းလုပ်ငန်း (၃၃၅၀'×၁၈'×၂') |
| ၁၇ | • သယ်ယူပို့ဆောင်ရာတွင် အန္တရာယ်ရှိခြင်း<br>• ကျွဲကျမည်ကို စိုးရိမ် ရခြင်း | • တံတားခိုင်ခန့်မှု မရှိခြင်း<br>• ထန်းတုံးဖြင့် ခင်းထား ခြင်း | • သဲ၊ကျောက်များ ပါဝင် လှူဒါန်းနိုင်ခြင်း<br>• လုပ်အားပါဝင်ပေးနိုင် ခြင်း<br>• ကျေးလက်လမ်းဦးစီးမှ ကွင်းဆင်းတိုင်းတာ ထားခြင်း | • ငွေကြေးလုံလောက် မှုမရှိခြင်း | • ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ခြင်း | • ရွာတွင်းလမ်းဟောင်းပေါ်ရှိ ထန်း တုံးတံတား(၂၂'×၁၅'×၈')အား ကွန်ကရစ်တံတားအဖြစ် အဆင့် မြှင့်တင်ခြင်းလုပ်ငန်း |
| ၁၈ | • အသေးစားစက်မှုလုပ်ငန်း ဆောင်ရွက်နိုင်မှု အခွင့် အရေးဆုံးရှုံးခြင်း<br>• ကျောင်းသားများစာကြည့် ချိန်ဆုံးရှုံးခြင်း<br>• သတင်းအချက်အလက် များအားအချိန်မီမရှိနိုင် ခြင်း | • လျှပ်စစ်မီး လုံလောက် စွာ မရရှိခြင်း | • ကျေးရွာတွင်မီးတိုင် များ၊Transformerများ၊ မီးကြိုးများဆက် သွယ် ထား ရှိပြီးဖြစ်ခြင်း<br>• ကျေးရွာတွင်(၆)နာရီမှ (၉)နာရီအထိ လျှပ်စစ် မီး ရရှိခြင်း | | • လျှပ်စစ်ဝန်ကြီးဌာနနှင့် ချိတ်ဆက်ခြင်း | • ကျေးရွာတွင် မီးအမြဲန် ရရှိအောင် ဆောင်ရွက်ခြင်း |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေ ကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်း လမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၅ | **လူငယ်ဖွံ့ဖြိုးရေး** | | | | | |
| ၁၉ | • ဘောလုံးကွင်းမကောင်းခြင်း | • မြေမညီခြင်း၊ခြံစည်းရိုးမရှိခြင်းကြောင့် ယာဉ်များ၊နွားများ၊သွားလာ၍ပိုပျက်စီးခြင်း | • ဘောလုံးကွင်းမြေနေရာ လုံလောက်စွာရှိခြင်း | • | • အားကစားဝန်ကြီးဌာနနှင့် ချိတ်ဆက်ရန် | • အားကစားကွင်းပြုပြင်ခြင်း |
| ၂၀ | • မူးယစ်ဆေးဝါးအန္တရာယ် စိုးရိမ်ရခြင်း | • လူငယ်များ မူးယစ်ဆေးဝါးနှင့် ပတ်သက်၍ အသိပညာနည်းပါးခြင်း | • အသိပညာပေးဟောပြော ပွဲ စိတ်ဝင်စားမှု ရှိခြင်း | • | • မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ ဟောပြောပွဲများ ပြုလုပ်ရန် | • မူးယစ်ဆေးဝါးနှင့် ပတ်သက်၍ ဟောပြောပွဲများ ပြုလုပ်ခြင်း |
| ၆ | **ငွေကြေး** | | | | | |
| ၂၁ | • တစ်ပိုင်တစ်နိုင်စိုက်ပျိုး/ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရန် ခက်ခဲခြင်း<br>• အတိုးနှုန်းကြီးစွာ ချေးနေရခြင်း | • အတိုးနှုန်းသက်သာသော ချေးငွေ ရရှိရန်ခက်ခဲခြင်း | • တစ်နိုင်တစ်ပိုင်စိုက်ပျိုး /မွေးမြူရေးလုပ်ငန်း များဆောင်ရွက်ရန် ဆန္ဒရှိခြင်း | • သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်မှု အားနည်းခြင်း | • ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ရန် | • မြစိမ်းရောင်ကျေးရွာစီမံကိန်း တင်ပြ တောင်းခံခြင်း |
| ၇ | **စိုက်ပျိုးမွေးမြူရေးမဟုတ်သောဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၂၂ | • အလုပ်အကိုင် အခွင့်အလမ်းရှားပါးခြင်း | • စက်မှုလက်မှုကုန်ထုတ်လုပ်ငန်းနည်းပါးခြင်း၊ အတတ်ပညာနှင့် ကျွမ်းကျင်မှု အားနားခြင်း | • အတတ်ပညာများသင်ယူရန်လူငယ်များ ရှိခြင်း | • ချိတ်ဆက်မှုအားနည်း ခြင်း | • ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း | • အသက်မွေးဝမ်းကျောင်းပညာပေးသင်တန်းများ လိုအပ်ခြင်း (အပ်ချုပ်စက်/ဆိုယ်ကယ်ပြင်) |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေ ကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်း လမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၈ | **သတင်းနှင့်ဆက်သွယ်ရေး** | | | | | |
| ၂၃ | • စာဖတ်မည့်သူမရှိခြင်း | • စာကြည့်တိုက်တွင် စာအုပ်ပြည့်စုံစွာမရှိခြင်း | • စာကြည့်တိုက်ရှိခြင်း | • ဦးဆောင်မည့်သူမရှိခြင်း | • စာကြည့်တိုက်အား ပြန်လည်ပြုပြင်ပြီး စာအုပ်များ ဖြည့်ဆည်းခြင်း | • စာကြည့်တိုက်အား ပြန်လည် ပြုပြင်ပြီး စာအုပ်များ ဖြည့်ဆည်းခြင်း |
| ၉ | **အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေး** | | | | | |
| ၂၄ | • လွန်ခဲ့သော နှစ်(၂၀)တွင် တောင်ပြိုကျမှု ဖြစ်ခဲ့ခြင်း | • သဘာဝဘေးကြိုတင်စီမံချက်ရေးဆွဲထားမှု မရှိခြင်း | • | • ဦးဆောင်မည့်သူမရှိခြင်း | • ရပ်မိရပ်ဖများ၊ကျေးရွာသူ/သားများ ပူးပေါင်း၍ စီမံချက်ရေးဆွဲခြင်း | • သဘာဝဘေးကြိုတင်စီမံချက်ရေးဆွဲခြင်း |
| | | | | | | |
| | • | • | • | • | | |

## စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ(၁)

| |
|---|
| ကျေးရွာ – သံလျှင်<br>ကျေးရွာအုပ်စု – သပြေရှောင်<br>မြို့နယ် – လောင်းလုံး<br>တိုင်းဒေသကြီး / ပြည်နယ် – တနင်္သာရီ |
| စီမံချက်အမည် – ကျေးရွာတွင်းမြေသားလမ်းတိုးချဲ့ဖောက်လုပ်ခြင်းလုပ်ငန်း ( ၂၀၁၀'×၁၈'×၁') |
| စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ<br>• ကျေးရွာတွင်းလမ်းသည် (၂၀၁၀)ပေ ရှိပါသည်။ ယခုလက်ရှိ လမ်းအကျယ်မှာ (၁၄)ပေ၊ ရေမြောင်းမှာ အချို့နေရာတွင် (၁)ပေခန့် သာရှိပြီး အချို့နေရာများတွင် မရှိပါ။<br>• လမ်းမြေအမျိုးအစားမှာ သဲမြေအမျိုးအစားဖြစ်ပြီး မိုးရာသီတွင် ရေမြောင်းတိမ်သောကြောင့် ချိုင့်ခွက်များ ဖြစ်ပြီး လမ်းပေါ်ရေကျော်မှုများလည်း ဖြစ်ပါသည်။<br>• ထိုလမ်းမှ ကျေးရွာထွက် သဘာဝသယံဇာတများအား သယ်ယူရာတွင်လည်း လမ်းကျဉ်းမြောင်းသဖြင့် ယာဉ်များလွဲရန် ခက်ခဲပါသည်။ |
| စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင်ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)<br>• ကျေးရွာတွင်းလမ်းအား လမ်းအကျယ် (၁၈) ပေနှင့် ရေမြောင်း (၁)ပေခွဲအကျယ်၊ (၁)ပေခွဲအနက် ရရှိရန်<br>• မိုးတွင်းကာလမိုးကြီးသည့်အခါများတွင် လမ်းပေါ်ရေကျော်မှုများ ကင်းဝေးစေရန်နှင့် ချိုင့်ခွက်များ၊ ရေလှိုင်းပုံစံများ မရှိစေရန်<br>• လမ်းအင်္ဂါရပ်နှင့် ပြည့်စုံစေရန်<br>• ကျေးရွာထွက် သယံဇာတများအား လွယ်ကူစွာ သယ်ယူနိုင်စေရန် |
| မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)<br>• ကျေးရွာတွင်းလမ်းသည် လမ်းအင်္ဂါရပ်များနှင့် ညီညွတ်လာမည်။<br>• မြေသားလမ်းတိုးချဲ့ပြီးနောက် လမ်းပေါ်ရေကျော်မှုများကင်းဝေးပြီး ချိုင့်များ၊ ရေလှိုင်းပုံစံများ မရှိသဖြင့် သွားလာမှု ပိုမိုအဆင်ပြေလာမည်။<br>• ကျေးရွာထွက်သယံဇာတများအား လွယ်ကူစွာ သယ်ယူလာနိုင်မည်။<br>• ကျေးရွာအတွင်း ရွာသူ/သားများ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာသောကြောင့် မိသားစုများ ကျန်းမာပျော်ရွှင်စွာ နေထိုင်နိုင်ပြီး လူနေမှုအဆင့်အတန်းများလည်း မြင့်မားလာနိုင်မည်။ |
| စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)<br>• ကျေးရွာတွင်း မြေသားလမ်းတိုးချဲ့ဖောက်လုပ်ခြင်းလုပ်ငန်း( ၂၀၁၀'×၁၈'×၁') အတွက် ခန့်မှန်းကုန်ကျငွေမှာ (၁၀၀၀၀၀၀၀) ကျပ် ဖြစ်ပါသည်။ |

| စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု | |
|---|---|
| **ခန့်မှန်းကုန်ကျစရိတ် (ကျပ်)** | **ထည့်ဝင်မည့် အစီအစဉ်** |
| • ၁၀၀၀၀၀၀၀၀(ငွေသား)<br>• xxxxxxxxxx (ငွေသား)<br>• လုပ်အား | • ကျေးလက်ဦးစီး<br>• ကျေးရွာ<br>• ကျေးရွာ |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| **ကျေးရွာအဆင့်** | ၁၅၀ | ၁၅၉ | ၃၀၉ | ၁၀ | ၁၈ | ၂၅ | ၂၅ | ၇၈ |
| **အကျိုးခံစားမည့်သူ ဦးရေ** | ၁၅၀ | ၁၅၉ | ၃၀၉ | ၁၀ | ၁၈ | ၂၅ | ၂၅ | ၇၈ |
| မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)

- ကျေးရွာဖွံ့ဖြိုးရေးကော်မတီအဖွဲ့၊ ရာအိမ်မှူး ၊ရပ်မိရပ်ဖအဖွဲ့
- မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း – ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ( ဒုတိယပတ်)

(၃) စီမံချက်ပြီးစီးမည့်အချိန် –၂၀၁၉ခုနှစ်၊မတ်လ( စတုတ္တပတ်)

(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် –

- ကျေးရွာဖွံ့ဖြိုးရေးကော်မတီအဖွဲ့မှ ရွာလုံးကျွတ်အစည်းအဝေးခေါ်ယူပြီး စီမံကိန်းဆိုင်ရာအချက်အလက်များ၊ လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးပါမည်။
- ကျေးရွာတွင်း မြေသားလမ်း တိုးချဲ့ဖောက်လုပ်ရာတွင် ကျေးရွာမှ လုပ်အား တတ်နိုင်သလောက် ကူညီဆောင်ရွက်ပါမည်။

(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

- လုပ်ငန်းဆောင်ရွက်ပါက ကျေးရွာလမ်းကော်မတီ၊ ရာအိမ်မှူး၊ ရပ်မိရပ်ဖနှင့် ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီအဖွဲ့မှ ကြီးကြပ်ဆောင်ရွက်သွားပါမည်။
- လုပ်ငန်းများ ကောင်းမွန်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် လုပ်ငန်းအဆင့်အလိုက် ကျေးရွာလူထုနှင့် အစည်းအဝေးပြုလုပ်ပြီး ဆွေးနွေးတိုင်ပင်ပါမည်။
- လုပ်ငန်းများ အကောင်အထည်ဖော်ပြီးပါကလည်း လုပ်ငန်းပြီးဆုံးမှု အလွှဲအပြောင်း လုပ်ဆောင်ခြင်းနှင့် ဖွင့်လှစ်ပွဲ လုပ်ဆောင်ပါမည်။
- ကျေးရွာတွင်းမြေသားလမ်းတိုးချဲ့ဖောက်လုပ်ခြင်းလုပ်ငန်းအား ရေရှည်ကောင်းမွန်နိုင်ခဲ့ စေရေးအတွက် လိုအပ်သော ပြုပြင်ထိန်းသိမ်းမှု လုပ်ငန်းများကို အစီအစဉ် ရေးဆွဲပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဦးဆောင်၍ လုပ်ဆောင်သွားပါမည်။
- ပြုပြင်ထိန်းသိမ်းရေးအတွက် လိုအပ်မည့် ကုန်ကျစရိတ်များကိုလည်း ကျေးရွာအတွင်းရှိ ကျေးရွာသူ / သားများ၊ လုပ်ငန်းရှင်များထံမှ အလှူငွေ (သို့) စုပေါင်းလုပ်အားဖြင့် ဆောင်ရွက်သွား ပါမည်။

**စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (၂)**

| | |
|---|---|
| ကျေးရွာ - သံလျှင်<br>ကျေးရွာအုပ်စု - သပြေရှောင်<br>မြို့နယ် - လောင်းလုံး<br>တိုင်းဒေသကြီး / ပြည်နယ် - တနင်္သာရီ | |

စီမံချက်အမည် – ကျေးရွာတွင်းဟောင်းပေါ်ရှိ သစ်သားတံတားအား ကွန်ကရစ်တံတားအဖြစ်သို့ အဆင့်မြှင့်တင်ခြင်း(၂၂'×၁၅'×၈')

စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ

လက်ရှိအခြေအနေတွင် ထိုတံတားအား ထန်းပင်လုံးဖြင့် ခင်းထားပါသည်။ ထိုတံတားသည် ကျေးရွာမှ ထွက်ရှိသော သဲ၊ ကျောက်၊ကျောက်စရစ်များသယ်ယူခြင်း၊ လယ်တောထဲသို့သွားခြင်းတို့ အဓိကထား အသုံးပြုသော တံတားဖြစ်ပါသည်။ မိုးရာသီတွင် ရေကျော်ခြင်း၊ တံတားဘောင်များမှ ကျိုးနေခြင်း တို့ကြောင့် အန္တရာယ်ရှိပြီး ရွာသူရွာသားများ အခက်အခဲများစွာနှင့် ကြုံတွေ့နေရပါသည်။

စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင်ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)

- ရာသီမရွေးအသုံးပြုနိုင်ရန်၊
- ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရာ၌ ပိုမို အဆင်ပြေစေရန်၊
- တံတား စံချိန်စံညွှန်းနှင့် ပြည့်စုံစေရန်၊
- အသက်အန္တရာယ် ကင်းဝေးစေရန်၊
- လယ်တောထဲသို့ သွားလာရာ၌ အဆင်ပြေစေရန်၊

မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)

- ရာသီမရွေး အဆင်ပြေစွာ သွားလာနိုင်ပါမည်။
- ကုန်ပစ္စည်းများသယ်ယူရာ၌ အဆင်ပြေလာသည့်အတွက် ပို့ဆောင်ရေးလုပ်ငန်း အောင်မြင်လာပါမည်။
- တံတားစံချိန်စံညွှန်းနှင့် ပြည့်စုံပြီး အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်မည်။
- တောင်သူလယ်သမားများ လယ်တောထဲသို့ သွားရာ၌ အဆင်ပြေလာပြီး သီးနှံများအား အချိန်မီရိတ်သိမ်းလာနိုင်မည်။

စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)

ကျေးရွာတွင်းဟောင်းပေါ်ရှိ သစ်သားတံတားအား ကွန်ကရစ်တံတားအဖြစ်သို့ အဆင့် မြှင့်တင်ခြင်း (၂၂'×၁၅'×၈')လုပ်ငန်းအား (၂၆.၄)သန်း ကုန်ကျပါမည်။

| စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု | |
|---|---|
| **ခန့်မှန်းကုန်ကျစရိတ် (ကျပ်)** | **ထည့်ဝင်မည့် အစီအစဉ်** |
| • ၂၆၄၀၀၀၀၀(ငွေသား)<br>• ………………… (ငွေသား)း<br>• ---------------- (ပစ္စည်း/လုပ်အား) | • ကျေးလက်ဦးစီး<br>• ကျေးရွာ<br>• ကျေးရွာ |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| **ကျေးရွာအဆင့်** | ၁၅၀ | ၁၅၉ | ၃၀၉ | ၁၀ | ၁၈ | ၂၅ | ၂၅ | ၇၈ |
| **အကျိုးခံစားမည့်သူ ဦးရေ** | ၁၅၀ | ၁၅၉ | ၃၀၉ | ၁၀ | ၁၈ | ၂၅ | ၂၅ | ၇၈ |
| မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

| |
|---|
| (၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)<br>ကျေးရွာဖွံ့ဖြိုးရေးကော်မတီအဖွဲ့၊ရပ်မိရပ်ဖ၊လူလတ်အဖွဲ့၊လူပျို/အပျိုအဖွဲ့များမှ တာဝန်ယူဆောက်ရွက်ပါမည်။ |
| (၂) စီမံချက် စတင်မည့် အချိန်ခန့်မှန်း– စက်တင်ဘာလလ (တတိယပတ်) (၂၀၁၉) |
| (၃) စီမံချက်ပြီးစီးမည့်အချိန် – ဖေဖော်ဝါရီလ (ပထမပတ်) (၂၀၂၀) |
| (၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် –<br>ကျေးရွာအနေဖြင့် လုပ်အားအပြည့်အဝ ကူညီဆောင်ရွက်ပါမည်။ |
| (၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ<br>• လုပ်ငန်းများ ကောင်းမွန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်း အဆင့်အလိုက် ကျေးရွာလူထုအား အစည်းအဝေးခေါ်ယူပြီး ဆွေးနွေးတိုင်ပင်ပါမည်။<br>• လုပ်ငန်းများ အကောင်အထည်ဖော်ပြီးပါကလည်း လုပ်ငန်းပြီးဆုံးမှု အလွှဲအပြောင်း လုပ်ဆောင်ခြင်းနှင့် ဖွင့်လှစ်ပွဲ လုပ်ဆောင်ပါမည်။<br>• တံတားအား ရေရှည်ကောင်းမွန် ခိုင်ခံ့ စေရေးအတွက် လိုအပ်သော ပြုပြင်ထိန်းသိမ်းမှု လုပ်ငန်းများကို အစီအစဉ်ရေးဆွဲပြီး ကျေးရွာဖွံ့ဖြိုးရေး ကော်မတီမှ ဦးဆောင်၍ လုပ်ဆောင်သွားပါမည်။<br>• ပြုပြင် ထိန်းသိမ်းရေးအတွက် လိုအပ်မည့် ကုန်ကျစရိတ်များကိုလည်း ကျေးရွာအတွင်းရှိ ကျေးရွာသူ / သားများ၊လုပ်ငန်းရှင်များထံမှ အလှူငွေ (သို့) စုပေါင်းလုပ်အားဖြင့် ဆောင်ရွက်သွား ပါမည်။ စီမံကိန်းလုပ်ငန်းပြီးစီးပါက ငွေကြေးဆိုင်ရာ ကိစ္စရပ်များအား ပွင့်လင်း မြင်သာစွာ ရှင်းလင်းဖော်ပြပြီး စီမံကိန်းပြီးစီးကြောင်းကို သက်ဆိုင်ရာဦးစီးဌာနသို့ တင်ပြသွားပါမည်။ |

နောက်ဆက်တွဲ(၆)

**စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (၃)**

<table>
<tr><td colspan="2">ကျေးရွာ - သံလျှင်<br>ကျေးရွာအုပ်စု - သပြေရှောင်<br>မြို့နယ် - လောင်းလုံး<br>တိုင်းဒေသကြီး / ပြည်နယ် - တနင်္သာရီ</td></tr>
<tr><td colspan="2">စီမံချက်အမည် - ဘောလုံးအားကစားပြုပြင်ခြင်း</td></tr>
<tr><td colspan="2">စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ<br>➢ ယခုလက်ရှိတွင် ကျေးရွာတွင် ဘောလုံးကွင်းရှိပြီး မြေပြင်မညီညာပါ။<br>➢ ထို့အပြင် ခြံစည်းရိုးမရှိသဖြင့် ကျွဲနွားများဝင်ရောက်ခြင်းတို့ ဖြစ်နေပါသည်။</td></tr>
<tr><td colspan="2">စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင်ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)<br>➢ လူငယ်များ အားကစားစိတ်ဓာတ် နိုးကြားလာစေရန်<br>➢ ကျန်းမာကြံ့ခိုင်စေရန်<br>➢ အဆင်ပြေချောမွေ့စွာ ကစားနိုင်ရန်</td></tr>
<tr><td colspan="2">မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)<br>➢ လူငယ်များ အားကစား စိတ်ဓာတ်များ ပြည့် ဝလာပြီး မူးယစ်ဆေးဝါးအန္တရာယ်ကင်းဝေးလာပါမည်။<br>➢ ကျေးလက်လူငယ်များ ကျန်းမာကြံ့ခိုင်လာပါမည်။<br>➢ အားကစားပြုလုပ်ရာ၌ အဆင်ပြေချောမွေ့စွာ ကစားလာနိုင်ပါမည်။</td></tr>
<tr><td colspan="2">စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)<br>ကျေးရွာအားကစားကွင်း ပြုပြင်ခြင်းအား ခန့်မှန်းကုန်ကျငွေ (၅၀)ကျပ်သန်းဖြင့် ဆောင်ရွက်ပါမည်။</td></tr>
<tr><td colspan="2">စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု</td></tr>
<tr><td>ခန့်မှန်းကုန်ကျစရိတ် (ကျပ်)</td><td>ထည့်ဝင်မည့် အစီအစဉ်</td></tr>
<tr><td>• ၅၀သန်း(ငွေသား)<br>• xxxxxxxxxx (ငွေသား)<br>• xxxxxxxxxx (ပစ္စည်း/လုပ်အား)</td><td>• ကျေးလက်ဦးစီး<br>• ကျေးရွာ<br>• ကျေးရွာ</td></tr>
</table>

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| **ကျေးရွာအဆင့်** | ၁၅၀ | ၁၅၉ | ၃၀၉ | ၁၀ | ၁၈ | ၂၅ | ၂၅ | ၇၈ |
| **အကျိုးခံစားမည့်သူ ဦးရေ** | ၂၄၂ | - | ၂၄၂ | ၂ | ၁၂ | ၁၈ | ၁၈ | ၅၀ |
| မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)

- ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ရပ်မိရပ်ဖနှင့် အုပ်ချုပ်ရေးမှူး၊ကျေးရွာရှိ လူငယ်များ

(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း – ၂၀၁၉ခုနှစ်၊ စက်တင်ဘာလ

(၃) စီမံချက်ပြီးစီးမည့်အချိန် – ၂၀၂၀ခုနှစ်၊ ဖေဖော်ဝါရီလ

(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် –

- ရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ပြီး လုပ်အားနှင့် ငွေအားအသင့်အတင့် ကူညီဆောင်ရွက်ပေးပါမည်။

(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

- လုပ်ငန်းဆောင်ရွက်ပါက ကျေးရွာရှိလူငယ်များ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီများနှင့် ကျေးရွာ အုပ်ချုပ်ရေးမှူးတို့မှ ကြပ်မတ်ဆောင်ရွက်ပါမည်။
- သက်ဆိုင်ရာဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ပါမည်။
- လုပ်ငန်းပြီးစီးပါက ရေရှည်တည်တံ့ရေးအတွက် ကျေးရွာနေပြည်သူများနှင့် ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်သွားပါမည်။